# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# နဝမပုံမှန်အစည်းအဝေး

# (၁၂) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပုသိမ်-မုံရွာပြည်ထောင်စုလမ်းမကြီး၏ မင်းတုန်းမြို့နယ် အတွင်းကျရောက်နေသော လမ်းအပိုင်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ပေးခြင်းကို တစ်ပြိုင်နက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ဆင်ပေါင်ဝဲမြို့နယ်၊ ဧကရာဇ်-ကျောင်းကုန်း-လေးဒူးကွဲ-မကြီးတော-ချင်းဝွေးချိုလမ်းမှ လေးဒူးကွဲ-ချင်းဝွေးချိုလမ်းပိုင်း ၇ မိုင်အား ကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | ကျောင်းကုန်းမြို့နယ်ရှိ ဒါးကချောင်းအတွင်းတည်ရှိသည့် ကျွန်းပေါ်၌ ခြောက်အိမ်တန်းကျေးရွာနှင့် ပိန်းမျှောင်ကြီးကျေးရွာတို့အား တက်ဆိပ်ကျေးရွာနှင့်ဆက်သွယ်နိုင်မည့် ကြိုးတံတားအသေးစားတစ်စင်း စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | ထန်တလန်မြို့နယ်အတွင်းရှိ လေတပ် 'ခ' ကျေးရွာမှ လှမ်ဖေ-ခွါဘုံ-လောင်တလန်လုံကျွေးသဲ-ငါဖိုင်ပီး အထိ လမ်းကိုအာမခံလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၉ | ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းများတွင် ၁၂ ပေအကျယ်နှင့် ၁၈ ပေ အကျယ်လမ်းများ၏ S ကွေ့နှင့် ဂ ကွေ့များတွင် ယာဉ်များ ရုတ်တရက်တွေ့ဆုံပါက အန္တရာယ်ကင်းရှင်းစွာ ရှောင်တိမ်းမောင်းနှင်နိုင်ရန် မျက်ကွယ်ဖြစ်စေသော သစ်ပင်ချုံနွယ်များ၊ ဈေးဆိုင်အဆောက်အဦများ ရှင်းလင်းရန်နှင့် Extra width များ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၁၀ | ပုသိမ်မြို့လယ်ရှိ ပြည်တော်သာအိမ်ရာစီမံကိန်းအရ ဆောက်လုပ်ထားသော လေးခန်းတွဲ ၂ ထပ်တိုက် (၂၅)လုံးနှင့် တစ်ထပ်လုံးချင်း (၁၅၀)လုံးအား ဥပဒေနှင့်မညီဘဲ ပြည်သူ့အိမ်ရာမှ ဝန်ထမ်းအိမ်ရာသို့ ပြောင်းလဲ | ၁၇ |

| | | |
|---|---|---|
| | သတ်မှတ်ခြင်းအား ဥပဒေနှင့်အညီ ပြည်သူများ၏ဆန္ဒအရ မူလအတိုင်း ပြည်သူ့အိမ်ရာအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၁ | ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရေး နှင့် သင်တန်း(Technical and Vocational Education and Training(TVET)ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုလက်မှု အထက်တန်းကျောင်း (Technical High School)၊ အစိုးရ စက်မှုလက်မှုသိပ္ပံ(Government Technical Institute)၊ နည်းပညာတက္ကသိုလ်(Technical University)တို့ကို တိုးချဲ့ ဖွင့်လှစ် သင်ကြားနေရာ တိုင်းပြည် အတွက် အမှန်တကယ်လိုအပ်နေသော ကျွမ်းကျင် လုပ်သားများ(Skilled Workers)၊ ကျွမ်းကျင် ပညာရှင်များ (Technicians)၊ အင်ဂျင်နီယာ ပညာရှင်များ (Engineers) တို့၏လိုအပ်သော အရေအတွက်ကို သုတေသန ပြုလုပ်ပြီးမှသာလျှင် သင့်လျော်သောမူဝါဒနှင့်နည်းဗျူဟာ (Appropriate Policy & Strategy) များချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ပါကြောင်းကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၂ |
| ၁၂ | အမျိုးသားလွှတ်တော်တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းလွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း | ၂၉ |
| ၁၃ | ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၄၆ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း | ၅၆ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၃–၈–၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြိုယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **ပုသိမ်–မုံရွာပြည်ထောင်စု လမ်းမကြီး၏ မင်းတုန်းမြို့နယ်အတွင်း ကျရောက်နေသော လမ်းအပိုင်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ပေးခြင်းကို တစ်ပြိုင်နက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **ဆင်ပေါင်ဝဲမြို့နယ်၊ ကေရာဇ်–ကျောင်းကုန်း–လေးဒူးကွဲ–မကြီးတော–ချင်းငွေးချိုလမ်းမှ လေးဒူးကွဲ–ချင်းငွေးချိုလမ်းပိုင်း (၇)မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ်ရှိ ဒါးကချောင်းအတွင်း တည်ရှိသည့် ကျွန်းပေါ်၌ ခြောက်အိမ်တန်းကျေးရွာနှင့် ပိန်းမျှောင်ကြီးကျေးရွာတို့အား တက်ဆိပ်ကျေးရွာနှင့် ဆက်သွယ်နိုင်မည့် ကြိုးတံတားအသေးစား တစ်စင်း စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နီနီရွှေလျှန်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ထန်တလန်မြို့နယ်အတွင်းရှိ လေတပ်'ခ' ကျေးရွာမှ လှမ်ဖေ– ခွါဘုံ– လောင်တလန်လုံကျွေးသဲ– ငါဖိုင်ပီးအထိလမ်းကို အာမခံလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းများတွင် (၁၂)ပေအကျယ်နှင့် (၁၈)ပေအကျယ်လမ်းများ၏ S ကွေ့နှင့် ဂ ကွေ့များတွင် ယာဉ်များ ရုတ်တရက် တွေ့ဆုံပါက အန္တရာယ်ကင်းရှင်းစွာ ရှောင်တိမ်းမောင်းနှင်နိုင်ရန် မျက်ကွယ်ဖြစ်စေသော သစ်ပင်ချုံနွယ်များ၊ ဈေးဆိုင်အဆောက်အဦများ ရှင်းလင်းရန်နှင့် Extra width များ ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝေလှိုင်ထွန်း၊ ပုသိမ် မဲဆန္ဒနယ်၏ **ပုသိမ်မြို့လယ်ရှိ ပြည်တော်သာ အိမ်ရာစီမံကိန်းအရ ဆောက်လုပ်ထားသော လေးခန်းတွဲ ၂ထပ်တိုက် (၂၅) လုံးနှင့် တစ်ထပ်လုံးချင်း (၁၅၀)လုံးအား ဥပဒေနှင့်မညီဘဲ ပြည်သူ့အိမ်ရာမှ ဝန်ထမ်းအိမ်ရာသို့ ပြောင်းလဲသတ်မှတ်ခြင်းအား ဥပဒေနှင့် အညီ ပြည်သူများ၏ဆန္ဒအရ မူလအတိုင်း ပြည်သူ့အိမ်ရာအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်က **“ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် သင်တန်း(Technical and Vocational Education and Training(TVET)ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စက်မှုလက်မှုအထက်တန်းကျောင်း (Technical High School)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (Government Technical Institute)၊ နည်းပညာတက္ကသိုလ် (Technical University)တို့ကို တိုးချဲ့ဖွင့်လှစ် သင်ကြားနေရာ တိုင်းပြည်အတွက် အမှန်တကယ် လိုအပ်နေသော ကျွမ်းကျင်လုပ်သားများ (Skilled Workers)၊ ကျွမ်းကျင်ပညာရှင်များ (Technicians)၊ အင်ဂျင်နီယာပညာရှင်များ(Engineers)တို့၏ လိုအပ်သော အရေအတွက်ကို သုတေသနပြုလုပ်ပြီးမှသာလျှင် သင့်လျော်သောမူဝါဒနှင့် နည်းဗျူဟာ(Appropriate Policy & Strategy) များ ချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ပါကြောင်းကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း ”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့်ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၊

(ခ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၊

(ဃ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၊

၁၀။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး**
**(၁၂)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)**
**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၈၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၂၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၁ ရက်၊
(၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊
(၃) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊
(၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၆) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊
(၇) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၈) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊
(၉) ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ခွင့် ၁ ရက်၊
(၁၀) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊
(၁၁) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၁ ရက်၊
(၁၂) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၂ ရက်၊
(၁၃) လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်၊
(၁၄) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၂ ရက်၊
(၁၅) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းလှသိန်း ခွင့် ၁ ရက်၊
(၁၆) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၂ ရက်၊
(၁၇) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊
(၁၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ရဲနိုင်မျိုး ခွင့် ၁ ရက်၊

(၁၉) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ခွင့် ၁ ရက်၊
(၂၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၂၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၂၂) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်၊
(၂၃) ကဝမဲဆန္ဒနယ်မှ ဦးလှသန်း ခွင့် ၁ ရက်၊
(၂၄) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊
(၂၅) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်နှင့်
(၂၆) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၆ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ၊ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါ့မယ်။

**ပုသိမ်-မုံရွာပြည်ထောင်စုလမ်းမကြီး၏ မင်းတုန်းမြို့နယ်အတွင်းကျရောက်နေသော လမ်းအပိုင်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ပေးခြင်းကို တစ်ပြိုင်နက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီမေးခွန်းကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ မေးခွန်းတင်ခဲ့တာဖြစ်တဲ့အတွက် မေးခွန်းတင်စဉ်အခြေအနေနဲ့ ယခုအခြေအနေမှာ ကွာခြားချက်များကတော့ ရှိနေပြီဖြစ်သော်လည်း Comfortable and Safety လမ်းမကြီးတော့ မဟုတ်သေးပါဘူးရှင်။ ပုသိမ်-မုံရွာလမ်းဟာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး စတဲ့ တိုင်းလေးတိုင်းနှင့် ရခိုင်ပြည်နယ်သို့သွားရာ အဓိကအားထားရသော ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ အချက်အခြာကျတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ပွင့်လင်းရာသီမှာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသွားကြသော မော်တော်ယာဉ်များစွာ အသုံးပြုသောလမ်းလည်းဖြစ်ပါတယ်။ လမ်းမကြီးရဲ့အရှည်မှာ ၄၅၀ မိုင်ရှည်ပြီး အကျယ်မှာ တစ်မြို့နှင့်တစ်မြို့၊ တစ်နေရာနှင့်တစ်နေရာ မတူညီကြကြောင်း သိရပါတယ်ရှင်။ မင်းတုန်းမြို့နယ်အတွင်း ကျရောက်နေတဲ့ ပုသိမ်-မုံရွာလမ်းမကြီးရဲ့အရှည်မှာ ၃၅ မိုင်ရှည်ပြီး အကျယ်မှာ ၁၆ ပေသာရှိပါတယ်။ လမ်းမှာ ချိုင့်ခွက်များပေါများခြင်း၊ လမ်းပုခုံးသားများမရှိခြင်း၊ အဝေးပြေးလမ်းမကြီးဖြစ်သော်လည်း တစ်လမ်းသွားအဆင့်သာရှိခြင်းကြောင့် ကားများတစ်စင်းနှင့်တစ်စင်း ရှောင်ရန်ခက်ခဲနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါ။ ဒီပုံတွေဟာ ကျွန်မမေးခွန်းတင်စဉ်က ပုံတွေဖြစ်ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ထပ်ပိုးလွှာ ၆ မိုင် ၄ ဖာလုံနဲ့ Level Seal ၅ မိုင် အုပ်ထားပြီးဖြစ်ပါတယ်။ မင်းတုန်းမြို့ရဲ့ ရာသီဥတုအခြေအနေမှာ မိုးများခြင်း၊ လမ်းအပေါ်သို့ နေရောင်ခြည်ကောင်းစွာမရခြင်း၊ ကုန်တင်ယာဉ်များနှင့် တန်ပိုယာဉ်များကြောင့် မကြာခဏ လမ်းပျက်ခြင်းများဖြစ်နေပါတယ်။ ပြည်ထောင်စုလမ်းမကြီးလို့ဆိုသော်လည်း ပြည်ထောင်စုမှ ရန်ပုံငွေများခွဲဝေချထားခြင်းမှာ မရှိသလောက်နည်းပါးပြီး တိုင်းဒေသကြီးအစိုးရရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အလွန်ညံ့သောအပိုင်းများကိုသာ ဦးစားပေးနှစ်အလိုက် အပိုင်းပိုင်းအပြတ်ပြတ် ဆောင်ရွက်နေရခြင်းကြောင့် ရှေ့ကပြင် နောက်ကပျက် မည်သည့်နှစ်မှကောင်းမွန်ခြင်းမရှိကြောင်း တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ဧရာဝတီအနောက်ဘက်ကမ်းတွင် အဓိကအရေးပါသော ပုသိမ်-မုံရွာလမ်းမကြီးအား ခရီးသွားပြည်သူများ ယခုထက်ပိုမိုအဆင်ပြေနိုင်စေရန် ထပ်ပိုးလွှာခင်းခြင်းနှင့် အကျယ်ချဲ့ခြင်းတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုမှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်သို့သွားသော အဓိကလမ်းမကြီးဖြစ်သည့် ပုသိမ်-မုံရွာပြည်ထောင်စုလမ်းမကြီး မင်းတုန်းမြို့နယ်အတွင်းကျရောက်နေသော လမ်းအပိုင်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ပေးခြင်းကို တစ်ပြိုင်နက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်-မုံရွာလမ်းသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး သရက်ခရိုင်၊ မင်းတုန်းမြို့နယ်အပိုင်းတွင် မိုင်တိုင်အမှတ် ၁၉၅ မှ ၂၁၉ ထိ ၂၄ မိုင် ၃ ဖာလုံသည် ၁၆ ပေအကျယ် ကတ္တရာလမ်းနှင့် မိုင်တိုင်အမှတ် ၂၁၉ မှ ၂၂၈ ထိ ၈ မိုင် ၅ ဖာလုံသည် ၁၈ ပေအကျယ် ကတ္တရာလမ်းတို့ဖြစ်ပြီး စုစုပေါင်း ၃၃ မိုင် အရှည်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေနှင့် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၈၄၅ သန်းဖြင့် မိုင်တိုင်အမှတ် ၂၀၃ မှ ၂၂၈ အတွင်း ၇ မိုင် ၄ ဖာလုံကို ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ ရန်ပုံငွေမှာ ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် လမ်းတာပေါင်ခတ်ခြင်း၊ မျောတုတ်ရိုက်ခြင်းလုပ်ငန်းများ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် မြေထိန်းနံရံ ၃၇၄ ပေ တည်ဆောက်ခြင်း၊ မကွေးတိုင်းဒေသကြီး ပြင်ထိန်းရန်ပုံငွေဖြင့် ထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ် ၁၉၅ မှ ၂၁၉ အထိ ကျောက်စီရေမြောင်း ၂၉၅၃ ပေ တည်ဆောက်ခြင်းများ လက်ရှိဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်း မိုင်တိုင် ၁၉၅ မှ ၂၁၉ အတွင်း ၆ မိုင် ၃ ဖာလုံအား လမ်းတာပေါင်အကျယ်မပြည့်မီတဲ့ လမ်းတာနိမ့်ကျနေတဲ့ အပိုင်းများကို လမ်းတာချဲ့ခြင်း၊ မိုင်တိုင်အမှတ် ၂၁၉ မှ ၂၂၆ အတွင်း ၂ မိုင် ၇ ဖာလုံကို ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် မိုင်တိုင်အမှတ် ၁၉၅ မှ ၂၁၉ အတွင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုသိမ်-မုံရွာလမ်း မင်းတုန်းမြို့နယ်အပိုင်းတွင် လမ်း၏ လက်ရှိအခြေအနေနှင့် လမ်းလွှာဒီဇိုင်းများအရ လိုအပ်သည့် အပိုင်းများအလိုက် ထပ်ပိုးလွှာခင်းခြင်း၊ လမ်းအကျယ်ချဲ့ခြင်းလုပ်ငန်းများကို နှစ်အလိုက် ရန်ပုံငွေများလျာထားတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မူကြမ်း**

**ဆင်ပေါင်ဝဲမြို့နယ်၊ ဇေရာဇ်-ကျောင်းကုန်း-လေးဒူးကွဲ-မကြီးတော-ချင်းငွေးချိုလမ်းမှ လေးဒူးကွဲ-ချင်းငွေးချိုလမ်းပိုင်း ၇ မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်း ဖြစ်ပြီး ကျွန်တော့်မဲဆန္ဒနယ်ရှင် ပြည်သူတွေရဲ့ တောင်းဆိုတင်ပြချက်အရ လိုအပ်ချက်တစ်ခုကို ကျွန်တော်တို့ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယခု မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျေးလက်လမ်းတွေက အထူးအင်မတန်မှကို အရေးပါပါတယ်။ ကျေးလက်လမ်းတွေ ရာသီမရွေးသွားလာနိုင်ပါမှ ကျန်တဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာကောင်းမွန်တိုးတက်လာမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျေးလက်နေပြည်သူတွေ ရာသီမရွေးသွားလာနိုင်တဲ့လမ်းတွေ အသုံးပြုမှုကြောင့် ရရှိလာနိုင်တဲ့အကျိုးကျေးဇူးတွေကို မြှင့်တင်ပေးနိုင်ဖို့အတွက် ကျွန်တော်တို့ လက်ရှိ အစိုးရသစ်လက်ထက်မှာ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာရေးဆွဲပြီးတော့ ၂၀၃၀ ခုနှစ်မတိုင်ခင်မှာ ကျေးရွာတွေရဲ့ ၈၀ ရာခိုင်နှုန်းလောက်ကို ရာသီမရွေးသွားလာနိုင်တဲ့လမ်းတွေအဖြစ် အပြောမဟုတ် တကယ့်လက်တွေ့အကောင်အထည်ဖော်နေတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ထဲမှာဆိုလို့ရှိရင်ကို မြေနီလမ်းတွေ၊ ကျောက်ချောလမ်းတွေကို နဖူးတွေ့၊ ဒူးတွေ့ တွေ့မြင်လာရပြီဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလိုဆောင်ရွက်နေတဲ့အထဲမှာမှ အခုတင်ပြမယ့်လမ်းကလေး ကျန်နေမှာစိုးရိမ်တဲ့အတွက် အခုလိုမျိုး မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဇေရာဇ်-ကျောင်းကုန်း-လေးဒူးကွဲလမ်းဟာ အရှည်အားဖြင့် ၁၂ မိုင်ရှည်ပါတယ်။ လမ်းအဆင့်သတ်မှတ်ချက်အရ (A) အဆင့်ရှိတဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ လမ်းရဖို့ဆိုလို့ရှိရင် မြေအကျယ် ဘယ်လောက်ပဲပေးရပေးရ တောင်သူတွေက တကယ့်ကို လိုလိုချင်ချင်ပေးကြတဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလမ်းဟာဆိုလို့ရှိရင် ရန်ကုန်-မန္တလေးကိုပေါက်တဲ့ ကျေးရွာချင်းဆက် အဓိကလမ်းမကြီးဖြစ်ပြီးတော့ ကျေးရွာပေါင်း ၁၀ မိုင်လောက် သွားလာနေတဲ့လမ်းတစ်လမ်းလည်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းအဖြစ် ငွေကျပ် ၃၃၁.၅ သန်းကို အကုန်အကျခံပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အဲဒီလမ်းကို တစ်ဆက်တစ်စပ်တည်း ဆက်လုပ်ဖို့ ပါမလာခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျေးရွာတွေကိုရောက်တိုင်း၊ ရောက်တိုင်း ကျွန်တော်တို့ကို ဒီလမ်းကို တစ်ဆက်တစ်စပ်တည်း ဘယ်တော့လောက်ကျောက်ချောလမ်းအဆင့်အဖြစ် အဆင့်မြှင့်တင်ပေးနိုင်မလဲဆိုပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို ရွာသူရွာသားတွေက မကြာခဏမေးခွန်းတွေမေးမြန်းကြပါတယ်။ ကျွန်တော့်အား Power Point တစ်ချက်လောက်ပြပေးပါ။ ဒါက ကျွန်တော်တို့ ဇေရာဇ်-ကျောင်းကုန်း-

လေးဒူးကွဲ-မကြီးတော-ချင်းငွေးချိုရဲ့ လမ်းညွှန်ဆိုင်းဘုတ် ကျေးရွာချင်းဆက်လမ်းရဲ့အဝင်ဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးကားလမ်းမကြီးနဲ့ ဆက်နေတဲ့လမ်းဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်မှာ ကျောင်းကုန်းကျေးရွာအထိ လမ်းပိုင်း ၅ မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။ ဒါက စက်ယန္တရားတွေအသုံးပြုပြီးတော့ ကျောက်ချောလမ်းခင်းနေတဲ့ ပုံတွေဖြစ်ပါတယ်။ ဒါက ခင်းပြီးသွားတဲ့အချိန်မှာ မြင်တွေ့ရတဲ့ပုံပဲဖြစ်ပါတယ်။ မိုးတွင်းကာလမှာလည်း အခုဆိုရင် သွားလာနေလို့ ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရရော၊ လွှတ်တော်ကိုယ်စားလှယ် တွေကိုရော ကျွန်တော်တို့ ပြည်သူတွေက တကယ့်ကို လှိုက်လှိုက်လှဲလှဲဝမ်းပန်းတသာ ကျေးဇူးတင်ရှိ နေကြပြီဖြစ်ပါတယ်။ ဒါကတော့ ကျန်ရှိနေတဲ့လမ်းပိုင်း ၇ မိုင်ရဲ့အခြေအနေဖြစ်ပါတယ်။ ပုံမှာမြင်တွေ့ရ တဲ့အတိုင်းပဲ ဖြစ်ပါတယ်။ ဒါက ထွန်စက်နစ်နေတဲ့ပုံပဲဖြစ်ပါတယ်။ ကျေးရွာသူကျေးရွာသားတွေ ဝိုင်းဝန်းပြီးတော့ လုပ်ကိုင်ဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။ မိုးတွင်းကာလမှာပါ။ ဒါကတော့ ကျေးလက် နေပြည်သူတွေရဲ့ တကယ့်ကိုမိုးတွင်းကာလ အခက်အခဲနဲ့ လူမှုဒုက္ခတွေပါ။ အဲဒီထွန်စက်အပေါ်မှာ ကြည့်လိုက်မယ်ဆိုလို့ရှိရင် ပိုးထိလူနာတစ်ဦးပါပါတယ်။ နှစ်စဉ် အဲဒီလမ်းမှာ အခုလိုမျိုး ဆေးရုံကို အချိန်မီမရောက်နိုင်တာကြောင့်မို့လို့ ပြည်သူတွေ ပိုးထိလို့ပဲဖြစ်ဖြစ်၊ ကျန်တဲ့ကျန်းမာရေးကိစ္စကြောင့်ပဲ ဖြစ်ဖြစ် အသက်ဆုံးပါးသွားတဲ့ဟာကို ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ အသံတွေကြားနေရ ပါတယ်။ စိတ်မကောင်းခြင်းများစွာလည်း ဖြစ်မိပါတယ်။ အဲဒါကြောင့်မို့လို့ တာဝန်မကျေသလိုလည်း ကျွန်တော်တို့ ခံစားရပါတယ်။ ဒါကြောင့်မို့လို့လည်း ဒီ ဆင်ပေါင်ဝဲမြို့နယ် ဧကရာဇ်-ကျောင်းကုန်း- လေးဒူးကွဲ-ချင်းငွေးချိုလမ်းမှာ လေးဒူးကွဲ-ချင်းငွေးချိုလမ်းပိုင်း ၇ မိုင်ကို ကျောက်ချောလမ်းအဖြစ် လာမယ့် ၂၀၁၈ အခု ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် တကယ်လို့ အစီအစဉ်မရှိ သေးပါကလည်း ဘယ်ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ဆောင်ရွက်သွားမည်ကို တိကျစွာသိရှိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းမှ မေးမြန်းထားတဲ့ ဆင်ပေါင်ဝဲမြို့နယ် ဧကရာဇ်- ကျောင်းကုန်း-လေးဒူးကွဲ-မကြီးတော-ချင်းငွေးချိုလမ်းမှ လေးဒူးကွဲ-ချင်းငွေးချိုလမ်းပိုင်း ၇ မိုင်အား ကျောက်ချောလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ဧကရာဇ်-ကျောင်းကုန်း-လေးဒူးကွဲ-မကြီးတော-ချင်းငွေးချိုကျေးရွာချင်း ဆက်လမ်းသည် စုစုပေါင်းအရှည် ၁၂ မိုင်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်း၏ လက်ရှိအခြေအနေမှာ ကျောက်ချောလမ်း

၅ မိုင်နှင့် မြေသားလမ်း ၇ မိုင်ဖြစ်ပြီးတော့ လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေး အဆင့်(၂)လမ်းဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်းပါပဲ။ အခု လက်ရှိတင်ပြလာတဲ့လမ်းပိုင်းဟာ မြေသားလမ်းပိုင်းပဲရှိတဲ့အတွက် မိုးတွင်းကာလမှာ သွားလာရေး အင်မတန်ခက်ခဲတဲ့လမ်းပိုင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါမြေသားလမ်းပိုင်း ၇ မိုင်ကို လမ်းတာပေါင်ချဲ့ပြီးတော့မှ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေမှာ ၁၅၄ သန်း ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှု အပေါ်မူတည်ပြီးတော့ လမ်းအဆင့် မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ကျောင်းကုန်းမြို့နယ်ရှိ ဒါးကချောင်းအတွင်းတည်ရှိသည့် ကျွန်းပေါ်ဦ ခြောက်အိမ်တန်းကျေးရွာနှင့် ပိန်းမျှောင်ကြီးကျေးရွာတို့အား တက်ဆိပ်ကျေးရွာနှင့်ဆက်သွယ်နိုင်မည့် ကြိုးတံတားအသေးစား တစ်စင်း စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းနိုင်ဖို့အတွက် Slide ခွင့်ပြုခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းကတော့ ကျောင်းကုန်းမြို့နယ်မှာရှိတဲ့ ဒါးကချောင်းအတွင်းတည်ရှိတဲ့ ကျွန်းပေါ်မှာ ခြောက်အိမ်တန်းကျေးရွာနှင့် ပိန်းမျှောင်ကြီးကျေးရွာတို့အား တက်ဆိပ်ကျေးရွာနှင့်ဆက်သွယ်နိုင်မယ့် ဒေသနှင့်လိုက်ဖက်တဲ့ ကြိုးတံတားအသေးစားတစ်စင်း တည်ဆောက်ပေးရန်စီစဉ်အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းထားတာဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်ရဲ့မြေပုံဖြစ်ပါတယ်။ ခလယ်ခေါင်မှာ အပြာနုရောင်အကွက်ထဲမှာပြထားတဲ့ ကျွန်းပုံစံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ကျောင်းကုန်းမြို့ရဲ့ စီးဆင်းနေတဲ့ ငဝန်မြစ်ရဲ့မြစ်လက်တက်ဖြစ်တဲ့ ဒါးကချောင်းဖြစ်ပါတယ်။ အဲဒီအခါမှာ ဒီဘက်မှာ ကျွန်းဖြစ်နေပါတယ်။ အဲဒီကျွန်းက ဟိုးယခင်တုန်းကတော့ ကျွန်တော်တို့ကွေ့ပြီးတော့ စီးသွားတာကို လွန်ခဲ့တဲ့နှစ်ပေါင်းမြောက်မြားစွာကတည်းက တူးမြောင်းလေးဖောက်လိုက်တဲ့အတွက်ကြောင့် ကျွန်းသဏ္ဌာန်ဖြစ်သွားတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကတော့ ကျွန်းကိုဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ကျွန်းပေါ်မှာ အဲဒီလိုခွဲလိုက်တဲ့အခါမှာ ရွာနှစ်ရွာက အုပ်စုလည်းမတူဘဲနဲ့ ရွာနှစ်ရွာကွဲထွက်သွားပါတယ်။ ကျွန်းရဲ့မြောက်ဘက်ပိုင်းမှာတော့ ခြောက်အိမ်တန်းကျေးရွာဖြစ်ပြီးတော့ အဲဒီရွာမှာ အိမ်ခြေ ၆၁ လုံး၊ လူဦးရေ ၂၅၁ ဦး၊ လယ်ဧက ၂၁၄.၂၅ ဧကနှင့် အ.မ.က စာသင်ကျောင်းတစ်ကျောင်းပါရှိပါတယ်။ ဒါကတော့ ကျွန်းရဲ့ တောင်ဘက်ပိုင်းမှာ ပိန်းမျှောင်ကြီးကျေးရွာက အခြားအုပ်စုတစ်စုရဲ့ ကျေးရွာတစ်ရွာဖြစ်ပြီးတော့ အဲဒီအခါမှာ အိမ်ခြေ ၁၃၂ လုံး၊ လူဦးရေ

၅၄၇ ဦး၊ လယ်ဧက ၄၈၆ ဧကနှင့် အ.မ.က စာသင်ကျောင်းတစ်ကျောင်း ရှိပါတယ်။ ဒါက ကျွန်းမှာ မြောက်ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်းက အုပ်စုနှစ်စုကွဲပြီးတော့ တည်ရှိတဲ့ဒေသဖြစ်ပါတယ်။ ဒါကတော့ အဲဒီကျွန်းလေးကိုဖြတ်သွားနိုင်ဖို့ ဒီဘက် တက်ဆိပ်ကျေးရွာကနေပြီးတော့ ပြည်သူတွေကနေပြီးတော့ ကိုယ်ထူကိုယ်ထနဲ့ ဝါးပိုးဖောင်တွေနဲ့ခံပြီးတော့ ကြမ်းခင်းတွေရက်ပြီးတော့ သူနာပြုဆရာမတွေ၊ ပညာရေးဌာနက ဆရာဆရာမတွေ၊ ကျောင်းသူကျောင်းသားတွေဖြတ်သန်းသွားလာနေတဲ့ လမ်းဖြစ်ပါတယ်။

ဒါကတော့ နောက်ပိုင်း ဒီနှစ်ပိုင်းမှာတော့ လွန်ခဲ့တဲ့တစ်နှစ်၊ နှစ်နှစ်ခန့်ကစပြီးတော့ အလှူရှင်တွေပေါ်လာတဲ့အခါကျ တိုင်ကီပိုးတွေခံတယ်။ သံဖရိုင်လေးတွေထည့်တယ်။ သစ်သားကြမ်းခင်းလေးတွေခင်းပြီးတော့ ဆိုင်ကယ်များစီးသွားလို့မရဘဲ တွန်းပြီးတော့ ခက်ခက်ခဲခဲသွားလာရတဲ့ဒေသတစ်ခုဖြစ်ပါတယ်။ ဒါကတော့ ခလယ်ကောင်မှာလည်း သူက ချောင်းဖြစ်နေတဲ့အတွက်ကြောင့် စက်လှေလေးတွေဖြတ်သွားတဲ့အတွက်ကြောင့် ခလယ်ကောင်မှာလည်း ဒါလမ်းဖွင့်ပေးရတဲ့အပိုင်းဖြစ်တဲ့အတွက်ကြောင့် စက်လှေတွေဝင်တဲ့အခါမှာ ခလယ်ကဟာကို လမ်းလေးဖွင့်ပြီးတော့မှ အသွားအလာလုပ်တဲ့အတွက်ကြောင့် အခက်အခဲတွေနဲ့တွေ့ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့မြို့နယ်တွေက မိုးဦးကျကာလမှာ အခုလိုပဲ ဗေဒါတွေကျပ်တည်းပြီးတော့ သဘော်အသွားအလာတွေကမှအစ ခက်ခဲတဲ့ဒေသတစ်ခုဖြစ်ပါတယ်။ အခုလိုပဲ ကျပ်ခဲနေတဲ့အခါမှာ လူတစ်ယောက်တောင်မှဆင်းပြီး ဗေဒါတွေဖယ်ပြီးတော့ လုပ်နေရတဲ့အဆင့်အတန်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့မြို့နယ်အနေနဲ့ ဗေဒါကျပ်တဲ့အခါမှာ ဒီကျွန်းထဲမှာနေတဲ့သူတွေက ဒီတံတားလေးကပဲ သွားလာနေရတဲ့အနေအထားရှိပါတယ်။ လှေနဲ့လည်းသွားလို့မရပါဘူး။ ဒါကြောင့် မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ကျောင်းကုန်းမြို့နယ်မှာရှိတဲ့ ဒါးကချောင်းအတွင်းတည်ရှိတဲ့ကျွန်းပေါ်မှာ ခြောက်အိမ်တန်းကျေးရွာနဲ့ ပိန်းမျှောင်ကြီးကျေးရွာတို့ကို ဆက်သွယ်မှုကောင်းစေရေးအတွက် တက်ဆိပ်ကျေးရွာနှင့် ဆက်သွယ်နိုင်မယ့် ဒေသနဲ့လိုက်ဖက်သော ကြိုးတံတားအသေးတစ်စင်း စီစဉ်ဆောင်ရွက်ပေးနိုင်ရေးအစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းမှမေးမြန်းထားတဲ့ ကျောင်းကုန်းမြို့နယ်ရှိ ဒါးကချောင်းအတွင်းတည်ရှိသည့် ကျွန်းပေါ်ရှိ ခြောက်အိမ်တန်းကျေးရွာနှင့် ပိန်းမျှောင်ကြီးကျေးရွာတို့အား တက်ဆိပ်ကျေးရွာနှင့်ဆက်သွယ်နိုင်မည့် ဒေသနှင့်လိုက်ဖက်သော ကြိုးတံတားအသေးစားတစ်စင်း စီစဉ်ဆောင်ရွက်ပေးနိုင်ရေးအစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းကုန်းမြို့နယ်၊ ဒါးကချောင်းအတွင်းရှိ ကျွန်းပေါ်၌ ခြောက်အိမ်တန်းကျေးရွာနှင့် ပိန်းမျှောင်ကြီးကျေးရွာတို့တည်ရှိပြီး အဆိုပါ ကျေးရွာများနှင့် တပ်ဆိပ်ကျေးရွာတို့ဆက်သွယ်နိုင်ရန်အတွက် တံတားတည်ဆောက်မည့်ချောင်းသည် အကျယ်ပေ ၅၂၀ ပေ ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းပေါ်ရှိတံတားဖြစ်ပါတယ်။ တံတားတည်ဆောက်ရမည့်ချောင်းသည် နွေရာသီတွင် အနိမ့်ဆုံး ရေအမှတ်သည် ငါးပေခန့်ရှိပြီး မိုးရာသီတွင် အမြင့်ဆုံးရေအမှတ် ၁၀ ပေအထိတက်ကြောင်းနှင့် ရေစီးဝင်နှုန်းသည်(3 m/s) စီးဆင်းနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဆိုပါတံတားတည်ဆောက် ပြီးစီးပါက ကျေးရွာနှစ်ရွာ၊ အိမ်ခြေပေါင်း ၁၆၃ အိမ်နှင့် လူဦးရေ ၈၀၀ ခန့်အား အကျိုးပြုမှာဖြစ်ပါ တယ်။

အဆိုပါ ဒါးကချောင်းကူးတံတားတည်ဆောက်မည့်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(B)ဦးစားပေးအဆင့်(၃) လမ်းပေါ်တွင်ရှိသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေထည့်သွင်းတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ထန်တလန်မြို့နယ်အတွင်းရှိ လေတပ် ‘ခ’ကျေးရွာမှ လှမ်ဖေ-ခွါဘုံ-လောင်တလန်လုံကျွေးသဲ-ငါဖိုင်ပီး အထိ လမ်းကိုအာမခံလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီရွှေလျှန်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်မပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျှန်း ဖြစ်ပါတယ်။ ကျွန်မမေးမြန်းချင်တဲ့မေးခွန်းကတော့ ထန်လတန်မြို့နယ်အတွင်းရှိ လေတပ်‘ခ’ကျေးရွာမှ လှမ်ဖေ-ခွါဘုံ-လောင်တလန်လုံကျွေးသဲ-ငါဖိုင်ပီး အထိ ဆက်သွယ်သောလမ်းကို အာမခံလမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနမှ တိုးချဲ့ဖောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ချင်းပြည်နယ် ဆင်းရဲမွဲတေမှုမြင့်မားနေမှုကို လျှော့ချဖို့ အတွက် နိုင်ငံတော်အစိုးရမှ လမ်း၊ တံတားများ အရှိန်အဟုန်မြှင့် တိုးချဲ့ဖောက်လုပ်ပေးသည်ကို တွေ့ရှိ သည့်အခါ ပြည်သူလူထုများအနေဖြင့် ဝမ်းသာအားရကျေးနပ်လျက်ရှိပါကြောင်း ဦးစားတင်ပြလိုပါ တယ်။ ထန်တလန်မြို့နယ်ဟာ နယ်စွန်နယ်ဖျားတွင်တည်ရှိ၍ အိန္ဒိယနယ်စပ်နှင့်ဆက်စပ်လျက်ရှိရာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၃၇၀.၁၃ ကျယ်ဝန်းပါတယ်။ ရပ်ကွက်ငါးခု၊ ကျေးရွာအုပ်စု ၃၆၊ ကျေးရွာ ပေါင်း ၈၇ ဖြင့် ဖွဲ့စည်းထားပါတယ်။ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၈၇ အနက် ၇၂ ကျေးရွာသည် အများအားဖြင့် အမြန်လမ်းဖောက်လုပ်ပေးပြီး ဖြစ်ပါတယ်။ ကျန် ၁၅ ရွာဖြစ်သော ဒေသအခေါ် မာရာ လူမျိုးနွယ်စုနဲ့ ဇုံခေးလူမျိုးစုတွေ နေထိုင်သည့် လေတပ်‘ခ’ကျေးရွာမှ လှမ်ဖေ-ခွါဘုံ-လောင်တလန်

လုံကွေ့သဲ-ငါဖိုင်ပီးသို့ သွားသောလမ်းဟာ သွားလာရေးအခက်အခဲဆုံးသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းဟာ ထန်တလန်မြို့မှ ၂၄ မိုင်ရှိ လေတပ်‘ခ’ကျေးရွာအထိ ထန်တလန်-မတူပီမြို့နယ်တွေကို ဆက်သွယ်သောလမ်းမကြီးဖြစ်ပါတယ်။ လေတပ်‘ခ’ကျေးရွာမှ လမ်းခွဲပြီး ငါဖိုင်ပီးအထိ ၄၆ မိုင်ခန့်ဝေးသော လမ်းကိုအာမခံလမ်း ဖောက်လုပ်ပေးပါရန် အထူးလိုအပ်နေပါတယ်။ ၎င်းလမ်းကို ရွာပေါင်း ၁၅ ရွာ၊ လူဦးရေအားဖြင့် ၁၀၀၀၀ ကျော်မှ အသုံးပြုသောလမ်းဖြစ်သည့်အပြင် အိန္ဒိယနိုင်ငံ မဆိုးတန်းပြည်နယ် ဆိုင်ဟာမြို့သို့ ဆက်သွယ်သောလမ်းလေးဖြစ်ပါတယ်။ အဆိုပါလမ်းတွင် တည်ရှိသော လေတပ်‘ခ’ကျေးရွာမှ လှမ်းဖေးရွာကြား ခန်ဟော့ချောင်းကို ကျေးလက်ဖွံ့ဖြိုးရေးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သန်းပေါင်း ၁၂၀ ကျပ်ဖြင့် ဘေလီတံတားတည်ဆောက်ပေးခြင်း၊ ခွါဘုံးရွာနှင့် လောင်တလန်းရွာအကြား အရွေးချောင်းကို နတလမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သန်းပေါင်း ၆၀ ကျပ်ဖြင့် ဘေလီတံတားတည်ဆောက်ပေးပြီး ဖြစ်ပါတယ်။ အဆိုပါလမ်းကို ၂၁ ပေ တိုးချဲ့ဖောက်လုပ်ပေးပြီး ကျောက်ခင်းလမ်းဖောက်လုပ်ပေးခြင်း၊ တံတားများတည်ဆောက်ပေးခြင်း၊ ကွန်ကရစ် ရေပုံများတည်ဆောက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ပါက ထန်တလန်မြို့နယ်အတွင်းရှိ မူရာလူမျိုးနွယ်စုနဲ့ ဇုံခေးလူမျိုးနွယ်စုများသည် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ထန်တလန်မြို့နယ် လေတပ်‘ခ’ကျေးရွာမှ လှမ်ဖေ-ခွါဘုံ-လောင်တလန်လုံကွေ့သဲ-ငါဖိုင်ပီးထိ ဆက်သွယ်သောလမ်းကို ၁၂ ရာသီသွားလာနိုင်သော အမာခံလမ်းအဖြစ် ဖောက်လုပ်ပေးပါရန်အစီအစဉ်ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျန်းမှ မေးမြန်းသော ချင်းပြည်နယ်၊ ထန်လတန်မြို့နယ်အတွင်းရှိ လေတပ်‘ခ’ကျေးရွာမှ လှမ်ဖေ-ခွါဘုံ-လောင်တလန်လုံကွေ့သဲ-ငါဖိုင်ပီးကျေးလက်လမ်းအထိ အာမခံလမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထန်တလန်မြို့နယ်အတွင်းရှိ လေတပ်‘ခ’ကျေးရွာမှ လှမ်ဖေ-ခွါဘုံ-လောင်တလန်လုံကွေ့သဲ-ငါဖိုင်ပီးကျေးလက်လမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်။ စုစုပေါင်းလမ်းအရှည် ၅၂ မိုင်တွင် လေတပ်‘ခ’မှ ခွါဘုံ‘ခ’အထိ ၁၉ မိုင်ရှိပြီး Class(A) ဦးစားပေးအဆင့်(၁)လမ်းဖြစ်ပါတယ်။ ခွါဘုံ‘ခ’မှ ငါဖိုင်ပီးအထိ ၃၃ မိုင်ရှိပြီးတော့ လမ်းအဆင့်ကတော့ Class(B) ဦးစားပေးအဆင့်(၁)လမ်းဖြစ်ပါတယ်။

လေတပ်‘ခ’မှ ခွါဘုံ‘ခ’အထိ ၁၉ မိုင်အနက် မိုင်တိုင်အမှတ် (ဝ/ဝ) မှ (၄) အထိ လမ်းအရှည် ၄ မိုင်ကို အကျယ် ၁၂ ပေမှ ၂၄ ပေထိ လမ်းတားချဲ့ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ်သန်း ၁၂ဝ ဖြင့်လည်းကောင်း၊ မိုင်တိုင်အမှတ် ၃၉ မှ ၄၁ အထိ လမ်းအရှည် ၂ မိုင်ကို ၂၄ ပေအကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ်သန်း ၁ဝဝ ဖြင့်လည်းကောင်း စုစုပေါင်း ရန်ပုံငွေကျပ်သန်း ၂၂ဝ ကို ၂ဝ၁၈-၂ဝ၁၉ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ လမ်းအပိုင်းများကိုလည်း နှစ်အလိုက် ရန်ပုံငွေရှိမှုအပေါ်မူတည်ပြီးတော့ အပိုင်းလိုက် အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းများတွင် ၁၂ ပေအကျယ်နှင့် ၁၈ ပေအကျယ်လမ်းများ၏ S ကွေ့နှင့် ဂ ကွေ့များတွင် ယာဉ်များ ရုတ်တရက်တွေ့ဆုံပါက အန္တရာယ်ကင်းရှင်းစွာ ရှောင်တိမ်းမောင်းနှင်နိုင်ရန် မျက်ကွယ်ဖြစ်စေသော သစ်ပင်ချုံနွယ်များ၊ ဈေးဆိုင်အဆောက်အဦများ ရှင်းလင်းရန်နှင့် Extra width များ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနရဲ့ ၁၂ ပေနဲ့ ၁၈ ပေအကျယ်လမ်းများမှာရှိနေတဲ့ S ကွေ့နဲ့ ဂ ကွေ့တွေမှာ ယာဉ်များရုတ်တရက်တွေ့ဆုံပါက အန္တရာယ်ကင်းစွာရှောင်တိမ်းနိုင်ရေးအတွက် အကာအကွယ်ဖြစ်နေတဲ့ သစ်ပင်ချုံနွယ်တွေ၊ ဈေးဆိုင်အဆောက်အဦတွေကို ဖယ်ရှားပေးရန်နှင့် လမ်းအပိုအကျယ်(Extra Width)ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနဲ့ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လမ်းဦးစီးဌာနက လမ်းတွေကို အဓိကတာဝန်ယူတည်ဆောက်ရပါတယ်။ အဲဒီအခါမှာ ဝန်ကြီးဌာနအနေနဲ့ မူဝါဒတွေ၊ ရည်မှန်းချက်တွေ ချမှတ်ပြီးတော့မှ Vision 2013 ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ကျေးလက်လမ်းများအားလုံး ၂ဝ၃ဝ ခုနှစ်မှာ ရာသီမရွေးသွားလာနိုင်တဲ့လမ်းတွေဖြစ်ရမယ်။ လမ်းမကြီးတွေဟာ နှစ်လမ်းသွား နိုင်လွန်ကတ္တရာသော်လည်းကောင်း၊ ကွန်ကရစ်သော်လည်းကောင်း အနိမ့်ဆုံးအဆင့်ဖြစ်ရမယ်ဆိုပြီးတော့မှ ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း လက်ရှိမြေသားလမ်းကနေပြီးတော့မှ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းကနေပြီးတော့မှ ကတ္တရာလမ်း၊ ကတ္တရာလမ်းမှာလည်း ၁၂ ပေ၊ ၁၂ ပေကနေ ၁၈ ပေ၊ ၁၈ ပေကနေ ၂၄ ပေ အဆင့်ဆင့် တစ်ဆင့်ချင်းတစ်ဆင့်ချင်း ဆောင်ရွက်နေပါတယ်။ အဲဒီတော့ လက်ရှိလမ်းဖောက်လုပ်တဲ့နေရာမှာ Road Sign တွေ၊ Caution Sign တွေ၊ Guard Post တွေ၊ Guard Rail တွေ၊ လမ်းပုခုံးတွေနဲ့ သေချာစနစ်တကျ ဆောင်ရွက်နေသော်လည်းပဲ လက်တွေ့မြေပြင် ဒီ လမ်းကွေ့တွေမှာ တကယ်အန္တရာယ်ရှိနေတဲ့အနေအထားများကို Power Point နဲ့တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ မိမိမဲဆန္ဒနယ်ထဲက အိုင်သဗျူး-အိုင်ဒို နိဗ္ဗာန်လမ်းပေါ်မှာရှိတဲ့ ယာဉ်တိုက်မှု(Accident)ဖြစ်တဲ့ နေရာများ

ကို ဒေသခံများနဲ့ လိုက်လံကြည့်ရှုနေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ လေးမျက်နှာ-တလုတ်ထော်-ဟသ်ာရ လမ်းပေါ်မှာရှိတဲ့ အန္တရာယ်ကွေ့အနေအထားတွေကို ပြသထားတာဖြစ်ပါတယ်။ ဘေးမှာ သစ်ပင် အကာအကွယ်တွေရှိနေတဲ့အခါကျတော့ တစ်ဖက်ကလာတဲ့ယာဉ်ကို မမြင်ရပါဘူး။ ဒီပုံကတော့ ဇလွန်-ရှမ်းစု ကွန်ကရစ်လမ်းပေါ်မှာ ရိုက်ထားတဲ့ပုံပါ။ ညာဘက်ကိုကွေ့သွားတဲ့လမ်းချင်းအတူတူ အပေါ်ပုံက အပင်တွေနဲ့ တစ်ဖက်မှာလည်း နေအိမ်၊ အဆောက်အဦတွေနဲ့ အကာအကွယ်ဖြစ်နေပါတယ်။ အောက်ကရှင်းထားတဲ့ပုံမှာတော့ ယာဉ်အန္တရာယ်ဖြစ်မှု၊ မဖြစ်မှုကို ခန့်မှန်းကြည့်ရင် သိနိုင်ပါတယ်။ ဒါကလည်း ဇလွန်-ရှမ်းစု ကွန်ကရစ်လမ်းပေါ်မှာရှိတဲ့ ပုံပဲဖြစ်ပါတယ်။ ဘယ်ဘက်ကို ကွေ့သွားတဲ့ လမ်းချင်းအတူတူ ကျွန်တော်တို့ အပေါ်ကပုံနဲ့အောက်ကပုံ ယှဉ်ကြည့်လိုက်လို့ရှိရင် အန္တရာယ်ဖြစ်နိုင်ချေကို ကျွန်တော်တို့ တွက်ဆနိုင်ပါတယ်။ ဒီပုံကတော့ ၈ ကွေ့နဲ့ ၆ ကွေ့တွေမှာ အပင်တွေနဲ့ကွယ်နေတယ်။ နေအိမ်၊ အဆောက်အဦတွေနဲ့ကွယ်နေတယ်။ ဒီဘက်ကနေအိမ်အဆောက်အဦဆိုရင် လမ်းပုခုံးအထိရောက်ရှိပြီးတော့မှ တစ်ဖက်ကလာတဲ့ယာဉ်ကို ဘယ်လိုမှမတွေ့နိုင်ပါဘူး။ အပေါ်က သစ်ပင်နဲ့ပုံဆိုရင်လည်း တစ်ဖက်ကလာတဲ့ယာဉ်ကို မတွေ့နိုင်ပါဘူး။ ဒီပုံကတော့ ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ် လမ်းကွေ့မှာရှိနေတဲ့ပုံပါ။ လမ်းကွေ့ရှိတယ်။ ဖြည်းဖြည်းမောင်းပါ။ အန္တရာယ်ရှိတယ်ဆိုပြီးတော့ ကြိုတင်ပြထားပေမဲ့ တကယ် သူရည်ညွှန်းတဲ့နေရာဟာ အောက်က ကွေ့ပုံဖြစ်ပါတယ်။ ရှေ့မှာတော့ ဆိုင်းဘုတ်တွေတပ်ထားပေမဲ့ လက်တွေ့အန္တရာယ်ရှိတဲ့နေရာမှာက အခု ဒီဘက်မှာဈေးဆိုင်တွေရှိတယ်။ တစ်ဖက်မှာလည်း ဈေးဆိုင်တွေရှိနေတယ်။ အဲဒီအတွက် ကျွန်တော်တို့ ဒီလမ်းပေါ်မှာ ဖြတ်သန်းသွားလာမောင်းနှင်နေတဲ့ကားများဟာ ဒီနေအိမ်၊ အဆောက်အဦက တိရစ္ဆာန်တွေသော်လည်းကောင်း၊ ကလေးသူငယ်တွေသော်လည်းကောင်း ရုတ်တရက် ဒီလမ်းပေါ်ကိုရောက်လာတာနဲ့ တစ်ဖက်ကလာတဲ့ ယာဉ်ကိုလည်းမမြင်နိုင်သလို ဒီပေါ်မှာလည်း အန္တရာယ်အများကြီးရှိပြီးတော့မှ ပြည်သူတွေ ဒုက္ခရောက်နိုင်ပါတယ်။ ဒီပုံကတော့ ဒါ အမြန်လမ်းမကြီးပေါ်က မိုင်တိုင်(၁၀၄/၇)နဲ့ (၁၀၅) မှာ ရိုက်ကူးထားတဲ့ပုံဖြစ်ပါတယ်။ အမြန်လမ်းမကြီးဟာ ကားရှောင်စရာမလိုပါဘူး။ အသွားတစ်လမ်း၊ အပြန်တစ်လမ်းဖြစ်ပါတယ်။ သို့ပေမဲ့ ၈ ကွေ့မဟုတ်တဲ့ ဒီလိုယောင်ယောင်လေးကွေ့တဲ့နေရာမှာ တောင် အရှိန်လွန်ပြီးတော့ ဒီ Guard Rail တွေကိုတိုက်နိုင်တဲ့အတွက် အဲဒီနေရာမှာ External Width ပြုလုပ်ထားတာ တစ်ဖက်ကို ၁၀ ပေလောက်ထိချဲ့ထားတာတွေ့ရတဲ့အတွက် ကျွန်တော် ဒီမေးခွန်းမေးဖို့ စိတ်ကူးပေါ်လာခြင်းဖြစ်ပါတယ်။ သို့အတွက်ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ လက်ရှိအများပြည်သူ ယာဉ်တွေစီးနင်းပြီးတော့သွားလာတဲ့အပေါ်မှာ အန္တရာယ်ကင်းရှင်းနိုင်စေရေးအတွက်ကို လမ်းကွေ့မှာရှိနေတဲ့ သစ်ပင်တွေ၊ နေအိမ်၊ အဆောက်အဦတွေကို ရှင်းလင်းပေးဖို့နဲ့ ဒီနေရာတွေကို သီးသန့် တစ်တောက်လျှောက်လုံး ၁၈ ပေကနေပြီးတော့ ၄၈ ပေအထိ မချဲ့နိုင်သေးခင်မှာ ဒီ ၁၂ ပေနဲ့ ၁၈ ပေလမ်းတွေရဲ့ကွေ့တွေမှာ External Width ပြုလုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းမှ မေးမြန်းထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းများတွင် ၁၂ ပေအကျယ်နှင့် ၁၈ ပေအကျယ်လမ်းများ၏ S ကွေ့နှင့် ဂ ကွေ့များတွင် ယာဉ်များရုတ်တရက်တွေ့ဆုံပါက အန္တရာယ်ကင်းရှင်းစွာ ရှောင်တိမ်းမောင်းနှင်နိုင်ရန် မျက်ကွယ်ဖြစ်စေသော သစ်ပင်ချုံနွယ်များ၊ ဈေးဆိုင်အဆောက်အဦများ ရှင်းလင်းရန်နှင့် Extra width များပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၁၂ ပေနှင့် ၁၈ ပေအကျယ်လမ်းများ၏ S ကွေ့နှင့် ဂ ကွေ့များတွင် ယာဉ်များရုတ်တရက်တွေ့ဆုံခြင်းသည် အလွန်အန္တရာယ်ရှိသော အခြေအနေဖြစ်ပါသဖြင့် ယာဉ်နှင့်ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်စေရန်အတွက် သတ်မှတ်အမြန်နှုန်းအပေါ်မူတည်ပြီး မြင်ကွင်းလမ်းကြောင်း(Line of Sight)အရရပ်ရမည့် မြင်ကွင်းအကွာအဝေး(Stopping Sight Distance)များအား တွက်ချက်ထားရမှာဖြစ်ပါတယ်။ အဆိုပါ တွက်ချက်မှုတွင် Vertical Sight Distance နဲ့ Horizontal Sight Distance နှစ်မျိုးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ တောင်ကုန်းတွေမှာရှိတဲ့လမ်းတွင် ယာဉ်တစ်စီးနဲ့တစ်စီး၊ မော်တော်ယာဉ်မောင်း တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်တွေ့ဆုံရမည့် Vertical Sight Distance ကိုတော့ အနည်းဆုံး ၈၅ မီတာရရှိအောင် ဆောင်ရွက်ထားပြီးတော့ Horizontal Sight Distance ကို အနည်းဆုံး ၃၃ မီတာရရှိအောင် ဆောင်ရွက်ထားပါတယ်။ ၎င်းအပြင် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန်အတွက် S ကွေ့နှင့် ဂ ကွေ့မရောက်မီ သတိပေးဆိုင်းဘုတ်(Caution Sign)များတပ်ဆင်ပေးထားခြင်း၊ ဥပမာအားဖြင့် ရှေ့တွင် S ကွေ့ရှိသည်ဆိုသော ဆိုင်းဘုတ်အား S ကွေ့မရောက်မီ မြို့တွင်းအတွက် ၁၀၀ မီတာနဲ့ မြို့ပြင်အတွက် ၁၅၀ မီတာ ကြိုတင်ပြီး စိုက်ထူပေးထားခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်၊ ကာကွယ်တိုင်၊ ကာကွယ်တန်း၊ ရောင်ပြန်မြားများစိုက်ထူထားရှိခြင်း၊ သတ်မှတ်အမြန်နှုန်းထက်လျှော့၍ မောင်းနှင်နိုင်ရန် သတ်မှတ်အမြန်နှုန်း(Design Speed)ပြဆိုင်းဘုတ်များ စိုက်ထူပေးထားခြင်း၊ S ကွေ့(S Curve)များတွင် မျက်ကွယ်ကွေ့(Blind Corner)များမဖြစ်အောင် သစ်ပင်၊ ချုံနွယ်များရှင်းလင်းထားခြင်းများ စသည့် အရေးကြီးတဲ့လမ်းပိုင်းများကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ် အစရှိတဲ့ ပြည်နယ်များသို့ ဆက်သွယ်လာတဲ့ လမ်းများရှိ ခရုပတ်တောင်ချောလမ်းအားလုံးကို လိုအပ်တဲ့ Sight Distance ရရှိရန်အတွက် တောင်ကမ်းပါးယံတွေဖြတ်လှီးပြီးတော့ လမ်းချဲ့ခြင်း၊ Sight Distance ရရှိအောင် ဆောင်ရွက်ခြင်းတို့ကို ဒီ နှစ်နှစ်တာကာလအတွင်းမှာ ဦးစားပေးလုပ်ငန်းအဖြစ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းအပြင် ၁၂ ပေအကျယ် လမ်းကွေ့နေရာတွေမှာလည်း ဘီးကျနိုင်တဲ့နေရာတွေကို လမ်းသားဖြည့်စွက်ခင်းပေးခြင်းလုပ်ငန်းတွေကို နှစ်နှစ်တာကာလအတွင်းမှာ လမ်းအကွေ့ပေါင်း ၄၅၆ နေရာကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လမ်းနယ်နိမိတ်အတွင်းဝင်ရောက်နေတဲ့ ဈေးဆိုင်၊ အဆောက်အဦ

များကိုလည်း လမ်းမကြီးများဥပဒေတွင် ပြဋ္ဌာန်းသတ်မှတ်ထားချက်များနှင့်အညီ ရှင်းလင်းဖယ်ရှား ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကအရေးကြီးသော တောင်ပေါ်ဒေသများရှိ (Curve)များ၏ အချင်းဝက်(Radius)သေးငယ်တဲ့နေရာများမှာ ကုန်ကားကြီးများကွေ့ရန် လွယ်ကူစေရေးအတွက် လမ်းချဲ့ခြင်း(Extra Width Widening)များဆောင်ရွက်ပေးခြင်း၊ သတ်မှတ်လမ်းပုခုံးအကျယ်နဲ့ မြေသားတာပေါင်အကျယ်တို့ကို ဦးစားပေးအဆင့်သတ်မှတ်၍ ထည့်သွင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် Widening များပြုလုပ်ရန်အတွက် လိုအပ်နေသောနေရာများအတွက် နှစ်အလိုက် ရန်ပုံငွေများ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းကို တင်ပြရမယ်ဆိုရင်တော့ S ကွေ့တွေ၊ ဂ ကွေ့တွေမှာ ယာဉ်များရုတ်တရက်တွေ့ဆုံလို့ရှိရင် အန္တရာယ်ကင်းရှင်းနိုင်ရန်အတွက် ကျွန်တော်တို့ ဒီ Vertical Sight Distance ထက် Horizontal Sight Distance များရရှိအောင် လည်း ကျွန်တော်တို့ ဒီ Geometric Design မှာ ရရှိအောင်ဆောင်ရွက်သွားမှာဖြစ်သလို သစ်ပင်ချုံနွယ်တွေနဲ့ Extra Width ဖြစ်ဖို့အတွက်ကိုလည်း နှစ်အလိုက်ဘတ်ဂျက်များ တင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ အခက်အခဲရှိနေတဲ့ ဒီကျူးကျော် ဈေးဆိုင်များရှင်းလင်းရေးကိုတော့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး တော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ အခုလို ပြည့်ပြည့်စုံစုံဖြေရှင်းသွားတဲ့ ဝန်ကြီးကို ကျေးဇူးအထူးပဲ တင်ရှိပါတယ်။ ကျွန်တော် ပြီးခဲ့တဲ့လွှတ်တော်ပိတ်ရက်က မကွေးတိုင်း ဒေသကြီးဘက် ရောက်ပါတယ်။ နောက် ချင်းပြည်နယ်ဘက်ရောက်ပါတယ်။ အဲဒီအခါမှာ တောင်ကုန်း တွေမှာ တကယ့်ကို ခုနဝန်ကြီးပြောသွားတဲ့အတိုင်း သေချာ လမ်းကွေ့တွေမှာ စနစ်တကျနဲ့ ဆောင်ရွက် ထားတဲ့အတွက် တကယ်ကို အားရဖို့ကောင်းပါတယ်။ သို့ပေမဲ့ တချို့တိုင်းဒေသကြီးတွေမှာတော့ ကွေ့တွေမှာ လမ်းဟောင်းရှိပြီးသားနေရာတွေမှာတော့ ဘာမှလုပ်ထားတာ ကျွန်တော်တို့ မတွေ့ရပါ ဘူး။ စောစောက ကျွန်တော်ပြတဲ့ ပုံတွေကလည်း ကျွန်တော် ပြီးခဲ့တဲ့လွှတ်တော်ပိတ်ရက်မှာ ကျွန်တော့် ဒေသအတွင်းမှာရိုက်ထားတဲ့ပုံတွေဖြစ်ပါတယ်။ အဲဒီတော့ အဓိကက ကျွန်တော်တို့ ရန်ပုံငွေအပေါ် မူတည်ပြီးတော့မှ Extra Width တွေကို တစ်ဆင့်ချင်း တစ်ဆင့်ချင်း ဆောင်ရွက်သွားမယ်လို့ပြောပါ တယ်။ ဒါပေမဲ့ အခု ရန်ပုံငွေကုန်ကျစရာမလိုဘဲနဲ့ ဒီသစ်ပင်ချုံနွယ်တွေ၊ ဈေးဆိုင်အဆောက်အဦတွေ ကတော့ လတ်တလော ဖြေရှင်းလို့ရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လမ်းမကြီးများဥပဒေ ရှိပါတယ်။ လမ်းမကြီးများဆိုတဲ့နေရာမှာ ဝန်ကြီးဌာနကနေပြီးတော့မှ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး တော့သတ်မှတ်ထားတဲ့ လမ်းအားလုံးကိုဆိုသည်။ ယင်းစကားရပ်မှာ ဒီလမ်းမကြီးရဲ့ တစ်ဖက်တစ်ချက် မှာရှိတဲ့ လမ်းနယ်နိမိတ်များလည်း ပါဝင်သလို တံတားများလည်း ပါဝင်တယ်ဆိုပြီးတော့ အတိအကျ ပြဋ္ဌာန်းထားပါတယ်။ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေလည်း အများကြီးပေးထားပါတယ်။ ဝန်ကြီးဌာနကို ၁၃ ချက်ပေးထားပါတယ်။ နောက် ဦးစီးဌာနကို ၁၁ ချက်ပေးထားပါတယ်။ ပြစ်မှုနဲ့ပြစ်ဒဏ်များအပိုင်းကို တော့ ထောင်ဒဏ်တစ်လကနေပြီးတော့မှ သုံးနှစ်အထိချနိုင်သလို ငွေဒဏ်တစ်သောင်းကနေပြီးတော့

မှ ၁ဝ သိန်းအထိ ချနိုင်ဖို့လည်း ပြဋ္ဌာန်းထားပါတယ်။ နောက်ဆုံးအထွေထွေအခန်းဖြစ်တဲ့ အခန်း(၆)မှာ သက်ဆိုင်တဲ့ဝန်ကြီးဌာနဟာ လိုအပ်လို့ရှိရင် အမိန့်ကြေညာချက်တွေ၊ အမိန့်တွေ၊ ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေ ထုတ်ပြန်နိုင်သလို ဦးစီးဌာနကလည်း အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်တယ်လို့ ပါရှိပြီးဖြစ်ပါတယ်။ သို့အတွက်ကြောင့်မို့လို့ ခုန ရန်ပုံငွေအကုန်ကျခံပြီးတော့မှ လုပ်ရမယ့်ဟာတွေကို တစ်ဆင့်ချင်းတစ်ဆင့်ချင်း မဆောင်ရွက်နိုင်သေးခင်မှာ လက်ရှိ ရန်ပုံငွေကုန်ကျမှုမရှိဘဲနဲ့ အန္တရာယ်ဖြစ်စေနိုင်တဲ့ သစ်ပင်တွေ၊ ဈေးဆိုင်အဆောက်အဦတွေကိုတော့ ဝန်ကြီးဌာနအနေနဲ့ အမိန့်၊ ညွှန်ကြားချက်ထုတ်ပြန်ပြီးတော့ ရှင်းလင်းဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီထပ်ဆင့်မေးခွန်းမှာ အချက်နှစ်ချက်မေးမြန်းတာဖြစ်ပါတယ်။ အဓိကကတော့ သစ်ပင်ချုံနွယ်တွေနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ဝန်ကြီးဌာနမှာ တာဝန်ယူပြီးတော့ကျမှ လတ်တလောဖြေရှင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒုတိယအချက်ဖြစ်တဲ့ ဒီ ပျံကျဈေးဆိုင်၊ ကျူးကျော်ဈေးဆိုင်များအချက်နဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျ။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အဓိကအခက်အခဲဖြစ်နေတာက ပျံကျဈေးဆိုင်၊ ကျူးကျော်ဈေးဆိုင်များပဲ ဖြစ်ပါတယ်။ ဒီ ပျံကျဈေးဆိုင်၊ ကျူးကျော်ဈေးဆိုင်များဖြစ်ပေါ်လာပုံကလည်းပဲ ပထမဦးဆုံးနေ့မှာ သူက ဒီဈေးဆိုင်ကြီးကို ချက်ချင်းလာဆောက်လိုက်တာ မဟုတ်ဘဲနဲ့ ခေါင်းရွက်ဗျပ်ထိုးပုံစံမျိုးလေးနဲ့ ပထမဦးဆုံးရောက်လာခြင်းဖြစ်ပါတယ်။ များသောအားဖြင့်တော့ လမ်းဆုံလမ်းခွတွေမှာဆိုရင် ခေါင်းရွက်ဗျပ်ထိုးလေးနဲ့ နောက်တစ်ပတ်လောက်နေတဲ့အခါကျတော့ ခေါင်းရွက်ဗျပ်ထိုးလေးကနေ အဲဒီမှာစင်လေးဆောက်ပြီး အဲဒီ ဗျပ်ထိုးခေါင်းရွက်လေးက စင်ပေါ်တင်ထားပြီးတော့ ရောင်းတဲ့အဆင့်။ နောက်ကျတော့ နေပူလို့ဆိုပြီးတော့ အမိုးလေးနည်းနည်းမိုးလိုက်တယ်။ နောက်ကျတော့ ဘေးကနေကာလိုက်ရင်းနဲ့ တဖြည်းဖြည်းနဲ့ အဲဒီလို ကျူးကျော်တဲ့အဆင့်ကို တဖြည်းဖြည်းနဲ့တိုးလာခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဒီလို လမ်းဆုံလမ်းခွတွေရဲ့ ကျူးကျော်ဈေးဆိုင်တွေအများကြီးကို ကျွန်တော်တို့က တရားစွဲဆိုတဲ့နေရာမှာ လမ်းမကြီးများဥပဒေအရ တရားစွဲဆိုတဲ့အခါမှာ တရားရုံးက ဒဏ်ငွေချပါတယ်ခင်ဗျ။ ဒဏ်ငွေချတယ်ဆိုရင် ဥပမာဆိုရင် အခုလက်ရှိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာရှိတဲ့ဆိုင်၊ တာပေါင်ကြီးပေါ်မှာတင်ဆောက်ထားတဲ့ လာပြီးတော့ကျူးနေတဲ့ ဆိုင်ကို အခုလက်ရှိမှာ ၁၅ဝ ကျော် ကျွန်တော်တို့ တရားစွဲထားတဲ့အချိန်မှာ တရားရုံးကနေ ဒဏ်ငွေပဲ ချနိုင်တဲ့ ဥပဒေကအားနည်းနေတာဖြစ်တော့ ဒဏ်ငွေနှစ်သောင်းချတယ်ဆိုရင် သူက ဒဏ်ငွေနှစ်သောင်းပေးဆောင်ပြီးတော့ ဒီဆိုင်ကဆက်ပြီးတော့ ရှိမြဲပဲဖြစ်နေပြီးတော့ အဲဒါကို နောက် ကျွန်တော်တို့က ထပ်မံပြီးတော့ တရားစွဲရင်လည်းပဲ နောက်ထပ်ဒဏ်ငွေတွေပဲ ဆက်ရိုက်နေတဲ့အနေအထားဖြစ်တဲ့အတွက် ဒါကို ကျွန်တော်တို့အနေနဲ့ အမြန်လမ်းရဲတပ်ဖွဲ့ကြီးနဲ့ ရဲတပ်ဖွဲ့မှူးရုံးနဲ့ အခု ကျွန်တော်တို့ ညှိနှိုင်းပြီးတော့မှ တစ်ဆိုင်ချင်းလိုက်ရှင်းနေရတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့ ဒီ လမ်းမကြီးများဥပဒေရဲ့ အားနည်းချက်ကြောင့်လည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို

ကျွန်တော်တို့အနေနဲ့တော့ အခု တစ်နိုင်ငံလုံးမှာရှိတဲ့ လမ်းဆုံလမ်းခွတွေရဲ့ ကျူးကျော်ဈေးသည်တွေ ရှင်းလင်းဖို့အတွက်ကိုတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ အခု ကျွန်တော်တို့ ညှိနှိုင်းပြီး တော့ကျမှ ဆွေးနွေးထားပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကလည်း သူတို့အနေနဲ့ လမ်း/ကျူးရှင်းလင်းရေးအဖွဲ့ဆိုပြီးတော့ ကော်မတီလေးဖွဲ့ပေးထားပါတယ်။ အဲဒီကော်မတီနဲ့ ညှိနှိုင်း ပြီးတော့ကျမှ ကျွန်တော်တို့က အခုက လတ်တလော လမ်းဘေးကနေ မျက်ကွယ်ကို နောက်ပြန်ဆုတ်ဖို့ အတွက် ရေမြောင်းကျော်ဖို့အတွက် အရင်လုပ်ပါဆိုတဲ့ပုံစံမျိုးနဲ့ ကျွန်တော်တို့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ညှိနှိုင်းပြီးတော့ ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပုသိမ်မြို့လယ်ရှိ ပြည်တော်သာအိမ်ရာစီမံကိန်းအရ ဆောက်လုပ်ထားသော လေးခန်းတွဲ ၂ ထပ်တိုက် (၂၅)လုံးနှင့် တစ်ထပ်လုံးချင်း (၁၅၀)လုံးအား ဥပဒေနှင့်မညီဘဲ ပြည်သူ့အိမ်ရာမှ ဝန်ထမ်းအိမ်ရာသို့ ပြောင်းလဲသတ်မှတ်ခြင်းအား ဥပဒေနှင့်အညီ ပြည်သူများ၏ဆန္ဒအရ မူလအတိုင်း ပြည်သူ့အိမ်ရာအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝေလှိုင်ထွန်း(ပုသိမ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာတဲ့ ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝေလှိုင်ထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးလိုတဲ့ မေးခွန်းကတော့ ပုသိမ်မြို့ရဲ့မြို့လယ်ခေါင်(၄)ရပ်ကွက်မှာ ပြည်တော်သာစီမံကိန်းအရ ဆောက်လုပ် ထားတဲ့ လေးခန်းတွဲနှစ်ထပ်တိုက်က ၂၅ လုံးရှိပါတယ်။ တစ်ထပ်တိုက်က ၁၅၀ ရှိပါတယ်။ အဲဒီ တိုက်ခန်းတွေကို ပြည်သူ့အိမ်ရာကနေပြီးတော့ ဝန်ထမ်းအိမ်ရာသို့ပြောင်းလဲသွားပါတယ်။ အဲဒါဟာ ဥပဒေနှင့်မညီတဲ့အတွက် ပြည်သူရဲ့ဆန္ဒအရ မူလအတိုင်း ပြည်သူ့အိမ်ရာအဖြစ် ပြန်လည်သတ်မှတ် ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။ စီမံကိန်းအရ ၁၉၅၀-၁၉၅၁ ခုနှစ် ကိုလန်ဘိုစီမံကိန်း အရ လူတစ်ကိုယ်၊ တိုက်တစ်လုံးရမယ်ဆိုပြီး ပြည်တော်သာစီမံကိန်းလည်း အားလုံးလည်းသိပါတယ်။ အဲဒီမှာ ပြည်တော်သာစီမံကိန်းကို အဲဒီ ၂၆ ဧကပေါ်မှာ ဆောက်ခဲ့တာပါ။ အဲဒီလိုဆောက်တုန်းက မူလတုန်းက နေထိုင်တဲ့သူတွေမရှိဘဲနဲ့ ၁၉၅၇-၁၉၅၈ ခုနှစ်မှာ အဲဒီအဆောက်အဦကို ပြည်သူတွေကို နေထိုင်ခွင့်ပြုခဲ့ပါတယ်။ အဲဒီတုန်းက ငှားရမ်းခဘယ်လောက်ရှိသလဲဆိုရင် တစ်ထပ်တိုက်ဆိုရင် ကိုးကျပ်ပဲ အများဆုံးပေးရပါတယ်။ နှစ်ထပ်တိုက်ကို ၂၉ ကျပ်ဖြင့်ထားတဲ့အတွက် ဟိုတုန်းကတော့ လူဦးရေနည်းတော့ တိုက်ခန်းမှာလူမရှိဘူး။ တဖြည်းဖြည်းနဲ့ လူဦးရေများလာတယ်။ အဲဒီမှာ အဲဒီ တိုက်ခန်းတွေမှာ နေလာတဲ့အခါမှာ အဲဒီအဆောက်အဦတွေကို နေထိုင်ခွင့်ပေးတဲ့ရည်ရွယ်ချက်က ဝင်ငွေနည်းသူတွေအတွက် အိမ်ရာရရှိရေးဖြစ်ပါတယ်။ လစာနည်းသူတွေအတွက် မဟုတ်ပါဘူး။ လစာနည်းသူတွေအတွက်ဆို ဝန်ထမ်းအသီးသီးကိုပြောတာပါ။ ဒါက ဝင်ငွေနည်းတဲ့အတွက် ပြည်သူတွေ ကို နေစေချင်လို့ ပြည်သူ့အိမ်ရာဆောက်ခဲ့တာပါ။ ဒါကြောင့်မို့လို့လည်း ပြည်တော်သာအိမ်ရာဟာ ပြည်သူ့အိမ်ရာဖြစ်တယ်ဆိုပြီးတော့ Burma Code Volume-IX မှာ ၁၉၅၁ ခုနှစ်၊ ဥပဒေအမှတ်(၆၃) နဲ့လည်း ဖော်ပြထားပါတယ်။ အများပြည်သူနေထိုင်ခွင့်ရှိတဲ့နေရာမှာတောင်မှ အဲဒီတုန်းက စာချုပ်တွေ

မှာ ဘယ်လိုရေးတယ်မှတ်လဲ။ ၂၅ နှစ်နေထိုင်ပြီးရင် ပိုင်ဆိုင်ခွင့်ရှိပြီး သားစဉ်မြေးဆက်နေထိုင်ခွင့်ရှိတယ်ဆိုတဲ့စာချုပ်တွေတောင် ကျွန်တော်တို့တွေ့ပါတယ်။ ဒါပေမဲ့ ၁၉၉၀ ပြည့်နှစ်၊ န.ဝ.တခေတ်မှာ ဧရာဝတီတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က မိမိသဘောနဲ့ ဥပဒေနှင့်မညီဘဲနဲ့ အဲဒီပြည်တော်သာအိမ်ရာရဲ့လမ်းဘေးမှာ ဝန်ထမ်းအိမ်ရာဆိုပြီး ဆိုင်းဘုတ်ကြီးလာစိုက်သွားပါတယ်။ ပြည်သူတွေလည်း တစ်ယောက်မှမသိပါဘူး။ အဲဒီတော့ ပြည်သူ့အိမ်ရာကနေ ဝန်ထမ်းအိမ်ရာ အလိုအလျောက်ပြောင်းသွားတယ်။ အဲဒီလို ပြောင်းသွားပြီးတော့ နေလာလိုက်တာ ၂၀၁၄ ခုနှစ်လည်း ကျလည်းကျရော အိုးအိမ်ဦးစီးဌာနက တာဝန်ရှိတဲ့သူက လက်ရှိနေသူတွေအကုန်ဖယ်။ ခြောက်ထပ်ပြန်ဆောက်မယ်။ အဆောက်အဦကို ဖျက်မယ်။ အသစ်ပြန်ဆောက်မယ်ဆိုတော့ အဲဒီမှာ ပြဿနာတက်ပါတယ်။

အဲဒီအစည်းအဝေးကို ကျွန်တော်က အဲဒီအချိန်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ဦးဝင်းမြင့် ဖြစ်ပါတယ်။ အခုနိုင်ငံတော်သမ္မတကြီးဖြစ်နေပါပြီ။ သူက ခင်ဗျား အဲဒီအစည်းအဝေးကို သွားတက်ပါဆိုလို့ ကျွန်တော်သွားတက်ပါတယ်။ သွားတက်တော့ အဲဒီပြဿနာက တစ်လကို ၈၀၀၀၀ ပေးမယ်။ အကုန်အပြင်မှာ ထွက်နေကြ။ အဆောက်အဦဆောက်ပြီးရင်တော့ ခြောက်ထပ်ဆောက်ပြီးရင် ပြန်ထားမယ်။ ဒါပေမဲ့ ထားရင် မြေညီထပ်သမားက မြေညီထပ်ရချင်မှ ရမယ်။ မြေညီထပ်က ရောင်းစားမယ်။ အပေါ်ထပ်ပဲ ပေးမယ်။ မကျေနပ်ဘူး။ အဲဒီပြဿနာတက်တာ။ အဲဒီပြဿနာတက်တော့ နောက်ဆုံးကျတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ကို တိုင်ကြပါတယ်။ တိုင်တော့ ဦးဝင်းမြင့်က ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ အဲဒီမေးခွန်းမေးပါတယ်။ အဲဒီအဆောက်အဦ ဖျက်မယ်ဆိုရင် ၁၉၈၆ ခုနှစ်က ပြဋ္ဌာန်းတဲ့ အမိန့်ကြော်ငြာ(၄၂)ကို လိုက်နာသလား။ ၄၂ ကို လိုက်နာမှ ဖျက်လို့ရမယ်။ စာရင်းစစ်ချုပ်အထိ ဒါတင်ပြရမယ်။ Write out လုပ်ရမယ်။ အဲဒါတွေလုပ်သလားမေးတယ်။ နောက်တစ်ခါ ဒီအိမ်ရာတွေက ပြည်သူ့အိမ်ရာလား၊ ဝန်ထမ်းအိမ်ရာလား မေးပါတယ်။ လာရောက်ဖြေဆိုတဲ့ ဒုတိယဝန်ကြီးက ဘယ်လိုပြန်ဖြေသွားလည်းဆိုတော့ ဧရာဝတီတိုင်းဒေသကြီး အစိုးရကို မေးပြီးမှ ပြန်လည်ဖြေကြားပါမယ်ဆိုတော့ လွှတ်တော်သာပြီးသွားတယ် တစ်ခါမှ ဖြေမသွားဘူး။ အဲဒီတော့ အဲဒီပြဿနာက ဘာပြဿနာဖြစ်သလဲဆိုတော့ အဲဒီဝန်ထမ်းတွေကို ဘယ်သူမှ လခမကောက်တော့ဘူး။ လခမကောက်တော့ စာတိုက်က ပေးပို့လည်းမရဘူး။ အိုးအိမ်ဦးစီးဌာနကို လက်ခံပေးဖို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ မြို့နယ်ဆိုင်ခန်းငှားရမ်းခကြီးကြပ်ရေးကိုလည်း တင်လည်းမရဘူး။ မရတော့ သူတို့က ဥပဒေမဲ့ လခမပေးဘဲနေတဲ့သူတွေ ဖြစ်နေတယ်။ အဲဒါကြောင့် မို့လို့ ဒီပြဿနာက ဝန်ထမ်းအိမ်ရာကို ပထမအကြိမ် လွှတ်တော်မှာမေးတဲ့အတိုင်း တန်းလန်းကြီးဖြစ်နေတော့ ဒီဘက်အစိုးရတက်တော့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီရယ်၊ စည်ပင်သာယာရေးဝန်ကြီးရယ်၊ အဲဒီတုန်းက လမ်းပန်းဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဝင်းငွေရယ် ပြည်သူတွေနဲ့ဆင်းတွေ့ပါတယ်။ အဲဒီမူလတန်းကျောင်းမှာ လူဦးရေ ၂၅၀ လောက်နဲ့တွေ့တဲ့အခါကျတော့ ပြည်သူတွေက ဒါနဂိုကတည်းက ပြည်သူတွေနေတာ။ ပြည်သူ့အိမ်ရာအဖြစ်ပဲ ဆက်လက်ထားပေးဖို့ ပြောတာကို အားလုံးလည်း အဲဒီမှာ ပြည်ထောင်စုဝန်ကြီးဆီကို ဆက်လက်တင်ပြတယ်လို့ သိပါတယ်။ ဒါပေမဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်ကတော့ သူထုတ်တဲ့စာထဲမှာ ပုသိမ်မြို့

ပြည်တော်သာဝန်ထမ်းအိမ်ရာကို ပြည်သူ့အိမ်ရာအဖြစ် ပြောင်းလဲရန်မသင့်တော်ပါကြောင်းဆိုပြီး စာတင်ပြထားတာကို ၁-၆-၂၀၁၇ ခုနှစ်စာမှာ ကျွန်တော်တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒါက ဥပဒေနှင့် မညီတဲ့အတွက် မူလအတိုင်း ပြည်သူ့အိမ်ရာအဖြစ်ထားပေး/မပေး သိလိုတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝေလှိုင်ထွန်းမှ မေးမြန်းထားတဲ့ ပုသိမ်မြို့၏ ပြည်တော်သာအိမ်ရာ စီမံကိန်းအရ ဆောက်လုပ်ထားသော (၄)ခန်းတွဲ နှစ်ထပ်တိုက် ၂၅ လုံးနှင့် တစ်ထပ်လုံးချင်း ၁၅၀ လုံး အား ဥပဒေနှင့်မညီဘဲ ပြည်သူ့အိမ်ရာမှ ဝန်ထမ်းအိမ်ရာသို့ပြောင်းလဲသတ်မှတ်ခြင်းအား ဥပဒေနှင့် အညီ ပြည်သူများ၏ဆန္ဒအရ မူလအတိုင်း ပြည်သူ့အိမ်ရာအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုသိမ်မြို့ရှိ ပြည်တော်သာဝန်ထမ်းအိမ်ရာသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ ၆၃ အရ ဖွဲ့စည်းခဲ့သော ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်သာယာရေး အဖွဲ့ (ယခုမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)သည် ၁၉၅၇ ခုနှစ်တွင် ပုသိမ်ပြည်တော်သာအိမ်ရာ စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ပြည်တော်သာအိမ်ရာအတွင်းရှိ တစ်ထပ်တိုက်လုံးချင်း ၁၅၀ လုံးနှင့် လေးခန်းတွဲနှစ်ထပ်တိုက် ၂၅ လုံး စုစုပေါင်းအခန်းပေါင်း ၃၅၀ ကို ၂၉-၆-၁၉၉၄ ရက်နေ့တွင် ကျင်းပသော ဧရာဝတီတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၉၄)အရ ပြည်တော်သာအိမ်ရာအဖြစ်မှ နိုင်ငံ့ဝန်ထမ်းအိမ်ရာအဖြစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ ယခုအဆိုပါ နိုင်ငံ့ဝန်ထမ်းအိမ်ရာရှိ အခန်းပေါင်း ၃၅၀ အနက်မှ အခန်း ၁၇၁ ခန်းရှိ ပြည်သူများမှ စုပေါင်း၍ အဆိုပါအိမ်ရာရှိ အခန်း ၁၇၁ ခန်းကို ပြည်တော်သာအိမ်ရာ အဖြစ်၊ ပြည်သူ့အိမ်ရာအဖြစ် ပြန်လည်ပြီးပြောင်းလဲပေးဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြလာပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အဆိုပါ Issue ကို စိစစ်လေ့လာရာမှာ နိုင်ငံ့ဝန်ထမ်းအိမ်ရာဆိုသည်မှာ နေထိုင်သူဝန်ထမ်းများသည် အငြိမ်းစားယူသည့်အခါတွင် အိမ်ခန်းမှ ဖယ်ရှားပေးရမှာဖြစ်ပြီးတော့ ပြည်သူ့အိမ်ရာဆိုသည်ကတော့ အငြိမ်းစားယူပြီးသော်လည်းပဲ သားစဉ် မြေးဆက်နေထိုင်လို့ရတဲ့အိမ်ရာမျိုးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံ့ဝန်ထမ်းအိမ်ရာမှ ပြည်သူ့ ဝန်ထမ်းအိမ်ရာသို့ပြောင်းလဲရန် Issue သည် အလွန်မှ Sensitive ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာအရ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ လက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်များမှာလည်း နိုင်ငံ့ဝန်ထမ်းအိမ်ရာတွေရှိပြီးတော့ ဝန်ထမ်းတွေနေတာဖြစ်တဲ့အတွက် တကယ် လို့သာ ဒီလို Issue မျိုးသည် တစ်နိုင်ငံလုံးအနှံ့ဆိုရင် တကယ်လို့ ဝန်ထမ်းက ပင်စင်သွားလည်း

ဖယ်မပေးတော့ဘဲနဲ့ ပြည်သူ့အိမ်ရာအဖြစ်ပြောင်းပေးပါဆိုပြီးတော့မှ တင်ပြလာတာမျိုး ဖြစ်နိုင်/ မဖြစ်နိုင် ကျွန်တော်တို့ Assessment လုပ်ခဲ့ပါတယ်ခင်ဗျား။ အဲဒီလိုလေ့လာတဲ့အခါမှာတော့ အလားတူ ပုသိမ်လို Issue မျိုးကတော့ ကျန်တဲ့တိုင်းဒေသကြီးနှင့်ပြည်နယ်မှာ မရှိပါဘူး။ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာက နိုင်ငံ့ဝန်ထမ်းအိမ်ရာသည် သီးခြားတစ်နေရာ။ ပြည်သူ့အိမ်ရာသည် သပ်သပ်နေရာစီခွဲခြားပြီးရှိနေပါတယ်။ ပုသိမ်မြို့တစ်မြို့တည်းမှာပဲ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အိမ်ရာနှင့် ရောထွေးပြီး အဲဒါကြီးကို ကျွန်တော်တို့က ဝန်ထမ်းအိမ်ရာအဖြစ် ၁၉၉၄ ခုနှစ်မှာ ပြောင်းလဲလိုက်တဲ့ကိစ္စဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါနိုင်ငံ့ဝန်ထမ်းအိမ်ရာကို ပြည်သူ့အိမ်ရာသို့ ပြောင်းလဲပေးဖို့အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးတော့မှ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၂၉/၂၀၁၈) သဘောတူညီချက်အရ ပုသိမ်မြို့မှာ ယခင်ပြည်တော်သာအိမ်ရာရှိတဲ့ အကြောင်းကြောင်းကြောင့် အိမ်လခကောက်ခံခြင်း ရပ်ဆိုင်းထားတဲ့ အိမ်ခန်း ၁၇၁ ခန်းကို ပြည်သူ့အိမ်ရာအဖြစ် ပြန်လည်ပြီး ပြောင်းလဲသတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။ ကျန်တဲ့အိမ်ခန်း ၁၇၉ ခန်းကတော့ လက်ရှိနိုင်ငံ့ဝန်ထမ်းတွေနေတဲ့ ၁၇၉ ခန်းကတော့ နိုင်ငံ့ဝန်ထမ်းအိမ်ရာအဖြစ် ဆက်လက်ထားရှိဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝေလှိုင်ထွန်း(ပုသိမ်မဲဆန္ဒနယ်)**။ ။ ပြည်သူ့အိမ်ရာအဖြစ် အကုန်လုံးတော့မရဘူးပေါ့။ တစ်ဝက်လောက်ရတယ်ဆိုရင်တော့ လက်ရှိနေတဲ့သူတွေအတွက်ကတော့ ကျွန်တော်တို့က ကျေနပ်ပါတယ်။ ဒါပေမဲ့ ဒီလခပြန်ကောက်ဖို့ကိစ္စတွေကိုတော့ သူတို့ကစိတ်ပူနေတာ အခုငါးနှစ်တောင်ဖြစ်နေပြီ လခမသွင်းရသေးတာ။ အဲဒီတော့ ဒီဟာကို ဘယ်တော့လောက်ကို လခလက်ခံပြီးတော့ ဒီဟာကို ပြည်သူ့အိမ်ရာအဖြစ် သတ်မှတ်ပေးမယ်ဆိုတာကိုတော့ အချိန်ကာလလေး ကျွန်တော်တိတိကျကျ သိချင်ပါတယ်။ ဖြေကြားနိုင်ရင် ဖြေကြားပေးဖို့ လေးစားစွာမေတ္တာရပ်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေနဲ့က လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေနေနေတဲ့ အခန်း ၁၆၄ ခန်းရှိပါတယ်။ အဲဒီမှာတော့ ကျွန်တော်တို့က အရာထမ်းဖြစ်လို့ရှိရင် အရာထမ်းလစာရဲ့ ၅ ရာခိုင်နှုန်းကောက်ပါတယ်ခင်ဗျား။ အမှုထမ်းဖြစ်ရင်တော့ အမှုထမ်းလစာရဲ့ ၃ ရာခိုင်နှုန်းကို ကျွန်တော်တို့က လခအဖြစ်ကောက်ပါတယ်ခင်ဗျား။ ပင်စင်စားတွေကတော့ အဲဒီထဲမှာ အခန်း ၁၄ ခန်းက သီးခြားအနေနဲ့ရှိနေတာ ရှိပါတယ်။ အဲဒါကတော့ ပင်စင်စားတွေဖြစ်တဲ့အတွက်ဆိုပြီး ပင်စင်လစာရဲ့ ၅ ရာခိုင်နှုန်းပဲကောက်ထားတဲ့အခန်းတွေရှိပါတယ်။ အခုနကတော့ ကျွန်တော်တို့က ဒီအိမ်လခကို မကောက်တော့တာ အခု လေး၊ ငါးနှစ်လောက်ရှိပြီဆိုတဲ့အတွက် ကျွန်တော်တို့က အခုဆိုလို့ရှိရင်တော့ ပြန်ကောက်မယ်ဆိုလို့ရှိရင် ပင်စင်လစာရဲ့ ၅ ရာခိုင်နှုန်းကောက်မှာ ဖြစ်ပါတယ်။ ၅ ရာခိုင်နှုန်း

တစ်ပြေးညီကောက်တဲ့အချိန်ကျတော့ ယခင်မသွင်းထားတဲ့ ငါးနှစ်တာကာလကိုလည်း ပြန်လည်ပေးသွင်းရမှာဖြစ်ပြီးတော့ အမြန်ဆုံး၊ အမြန်ဆုံးဆိုတဲ့နေရာမှာ အခုကျွန်တော်တို့က ဒီလွှတ်တော်ကနေအတည်ပြုပြီးသွားလို့ရှိရင် တစ်ပတ်အတွင်းကို လက်ခံလို့ရအောင်၊ ငွေလက်ခံနိုင်အောင် ချက်ချင်းစီစဉ်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများကို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို ၃၀ မိနစ်ခန့်ခေတ္တရပ်နားပါမယ်။ ၁၁း၃၀ အချိန်မှာ အစည်းအဝေးပြန်လည်စတင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် သင်တန်း(Technical and Vocational Education and Training(TVET)ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုလက်မှုအထက်တန်းကျောင်း (Technical High School)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(Government Technical Institute)၊ နည်းပညာတက္ကသိုလ်(Technical University)တို့ကို တိုးချဲ့ဖွင့်လှစ်သင်ကြားနေရာ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်နေသော ကျွမ်းကျင်လုပ်သားများ(Skilled Workers)၊ ကျွမ်းကျင်ပညာရှင်များ(Technicians)၊ အင်ဂျင်နီယာပညာရှင်များ(Engineers)တို့၏လိုအပ်သော အရေအတွက်ကို သုတေသနပြုလုပ်ပြီးမှသာလျှင် သင့်လျော်သောမူဝါဒနှင့်နည်းဗျူဟာ (Appropriate Policy & Strategy)များချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ပါကြောင်းကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးတင်မောင်ဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဝင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တင်ရမယ့်အဆိုကတော့ ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းပညာရေးနှင့်သင်တန်း(Technical and Vocational Education and Training-TVET)လို့ ခေါ်ပါတယ်။ TVET ကို မြန်မာပြည်တွင် အကောင်အထည်ဖော်နေရာ Technical High School ၊ GTI များ၊ နည်းပညာတက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်နေတဲ့အခါမှာ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်တဲ့ Skilled Worker အရေအတွက်၊ Technicians အရေအတွက်၊ အင်ဂျင်နီယာပညာရှင်အရေအတွက်တို့ကို သုတေသနပြုလုပ်ပြီး သင့်တော်သောမူဝါဒနှင့်ချမှတ်ပြီးတော့ ဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်တင်ပြမှာဖြစ်ပါတယ်။

အဲဒီတော့ ယနေ့ Technical High School တွေနဲ့ GTI တွေ ဖွင့်လှစ်ခဲ့တဲ့အခြေအနေတွေကတော့ လွန်ခဲ့တဲ့နှစ်များက ကျွန်တော်တို့ငယ်ငယ်က နာမည်ကြီးခဲ့တဲ့ နတ်မောက်(စက်မှုသင်တန်း) အထက်တန်းကျောင်းကြီးလည်း ပိတ်ခဲ့ရပါတယ်။ ပြီးတော့ အင်းစိန်(အစိုးရစက်မှုလက်မှုသိပ္ပံ)လည်း ပိတ်ခဲ့ရပါတယ်။ ဒါပေမဲ့ ယနေ့ ဒါတွေအကုန်လုံးပြန်ပြီးတော့ ဆောင်ရွက်နေပါပြီ။ ဆောင်ရွက်နေတဲ့အခါမှာ ဘယ်နှစ်ကျောင်းတွေပြီးပြီလဲလို့ ကျွန်တော်သုံးသပ်တဲ့အခါမှာ GTC နဲ့ GTI (Government Technical Institute) ၂၅ ကျောင်းခန့်နဲ့။ ကျွန်တော်က ခန့်လို့ပြောတာ သူတို့လည်း ဆက်လက်ဆောင်ရွက်နေလို့ပါ။ အဲဒီတော့ THS ကလည်း ၃၃ ကျောင်းနဲ့ နည်းပညာတက္ကသိုလ် ၃၃ ကျောင်း

ပြီးတာတွေ့ရပါတယ်။ ဒီလိုပြီးတဲ့အရေအတွက်ကို စက်မှုလက်မှုအထက်တန်းကျောင်းနဲ့ GTI အရေအတွက်နည်းပါတယ်။ နည်းတယ်ဆိုတာ ကျွန်တော်ပြောချင်လို့ပြောတာမဟုတ်ပါဘူး။ အခု ကျွန်တော်ဟာ အင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌတစ်ယောက်အနေနဲ့ အာဆီယံနိုင်ငံတွေမှာ အာဆီယံနိုင်ငံများ အင်ဂျင်နီယာညီလာခံကို နှစ်စဉ်နှစ်တိုင်း ၁၀ ခေါက်၊ ၁၅ ခေါက်သွားတက်တဲ့ အခါမှာ ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက်အင်ဂျင်နီယာတွေကနေပြီးတော့ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံတိုင်းမှာ အာဆီယံနိုင်ငံမှာ 137 Model ကို သုံးပါတယ်။ 137 ဆိုတာ 1-အင်ဂျင်နီယာ၊ 3-Techinician၊ 7-Skilled Worker ပါ။ ဒါကတော့ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူပါဘူး။ တချို့နိုင်ငံတွေမှာ တရုတ်ပြည်မှာကျတော့ 1310 Model တွေကိုသုံးပါတယ်။ 1-အင်ဂျင်နီယာ၊ 3-Techinician၊ 10-Skilled Worker ပါ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ နည်းပညာ တက္ကသိုလ်က ၃၃ ကျောင်းရှိရင် ၁၀ ဆဆိုရင် THS ကျောင်းပေါင်း ၃၃၀ ဖွင့်လှစ်ရမယ့်သဘော ယူဆရပါတယ်။ ဒါကလည်း Number of School နဲ့ ပြောတာပါ။ Number of Student နဲ့ဆို တစ်မျိုးဖြစ်ပါလိမ့်မယ်။ အဲဒီတော့ လက်ရှိကျောင်းတွေကို ဘယ်လောက်ရှိတယ်၊ ဘယ်လောက်ရှိတယ် ဆိုတာ အရင်အစိုးရလက်ထက်တုန်းက ဝန်ကြီး ဦးတင့်နိုင်သိန်းနဲ့ ပညာရေးကောင်စီ၊ အင်ဂျင်နီယာ အသင်း၊ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ UMFCCI ပါမောက္ခချုပ်များနဲ့ ဆွေးနွေးတဲ့အခါမှာ ပညာရေး ကော်မရှင် ဦးညီလှငယ်ကတော့ မြန်မာနိုင်ငံမှာ နည်းပညာတက္ကသိုလ် ခုနစ်ကျောင်းကျော် လိုအပ် တယ်လို့ပြောပြီးတော့ ဒေါက်တာဝင်းမြင့်(အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌကြီး)ကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုမှာ ၁၄ ကျောင်း လိုအပ်ပါတယ်။ အင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ကိုမေးတဲ့အခါမှာ ကျွန်တော်ကတော့ ဘယ်လိုဆွေးနွေးလဲဆိုတော့ ကျွန်တော်တို့ တိုင်းပြည်မှာ GTI ပဲဖွင့်ဖွင့်၊ THS ပဲ ဖွင့်ဖွင့်၊ ဘာပဲဖွင့်ဖွင့် Adequate Teaching Age and Equipment လုံလောက် သော သင်ထောက်ကူပစ္စည်းများနဲ့ Qualified Teacher တွေရှိလို့ရှိရင် ၁၀ ကျောင်း၊ ၁၅ ကျောင်းထိ ဖွင့်လို့ရပါတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီတော့ State Counsellor ကနေပြီးတော့ (၇၁)နှစ်မြောက် သူ့မွေးနေ့မှာလည်း Vocational Education ဟာ အရေးကြီးပါတယ်။ မြင့်တင်ကြပါလို့ သူကိုယ်တိုင် ပြောခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကတော့ ကျွန်တော်တို့အစိုးရသစ်လက်ထက်မှာ Adequate Teaching Age and Teaching and Comment and Adequate Teaching Material and Qualified Teacher တွေနဲ့ စက်မှုလက်မှုအထက်တန်းကျောင်းနဲ့ GTI ကြီးကို ကျောင်းပေါင်း ၁၀၀ ကျော်၊ ၁၅၀ ခန့် တိုးချဲ့ပြီးတော့ ဖွင့်လှစ်လိုပါတယ်။ ကျွန်တော်ဖွင့်လှစ်လိုပါတယ်။ Why (ဘာကြောင့်လဲ)။ Because, there are three special economic zones to be implemented in Myanmar. (၁) သီလဝါစက်မှုဇုန်၊ (၂) ကျောက်ဖြူစက်မှုဇုန်၊ (၃) ထားဝယ် စက်မှုဇုန်ပါ။ ဒီစက်မှုဇုန်သုံးဇုန်အတွက် Skilled Worker တွေဟာ အမှန်တကယ်လိုအပ်ပါတယ်။ အဲဒီတော့ ပြည်ထောင်စုအစိုးရအနေနဲ့ သီလဝါစက်မှုဇုန်မှာ ကျောင်းဘယ်နှစ်ကျောင်း၊ ထားဝယ် စက်မှုဇုန်မှာ၊ ကျောက်ဖြူစက်မှုဇုန်မှာ ဘယ်နှစ်ကျောင်းကို ကျွန်တော်တို့ Study လုပ်မယ်။ သုတေသန လုပ်ပြီးတော့ သင့်တော်သော Appropriate Technology and Strategy ချမှတ်ပြီးတော့ အခုလောက်ကတည်းက ပြည်ထောင်စုအစိုးရအနေနဲ့ Drive ပေါ့လေ။ ရည်မှန်းချက်နဲ့ ဘယ်ပြည်နယ်

မှာတော့ ဘယ်နှစ်ကျောင်း၊ ဘယ်ပြည်နယ်မှာ ဘယ်နှစ်ကျောင်းဖွင့်ပါဆိုပြီးတော့ ကျွန်တော်ကတော့ ပြောချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တင်တဲ့အဆိုပါ။ Drop out Student ပေါ့။ Drop out Student တွေကတော့ မူလတန်း Drop out Student က ၂.၇ သန်းလောက်ရှိပြီးတော့၊ အလယ်တန်း Drop out Student ၂.၃ သန်းလောက်ရှိပါတယ်။ ဒါကတော့ အထက်တန်းကျောင်း ၁၀ တန်းမှာကျတဲ့လူဦးရေပါ။ အဲဒီတော့ Drop out Student တွေ ဘယ်လိုလုပ်ပေးမှာလဲ။ ဘယ်လိုလုပ်မလဲဆိုတော့ ကျွန်တော် အခုပြောနေတာ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းမဟုတ်ပါဘူး။ ပညာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန။ ဒီဝန်ကြီးဌာနတွေ ပူးပေါင်းပြီးတော့ ကျွန်တော့်ရဲ့ Drop out Student လေးတွေကိုလုပ်ပေးဖို့ စဉ်းစားကြပါ။ ဒါကြောင့်မို့လို့ Acquired and Capability လိုအပ်ချက်နဲ့ဖြည့်ဆည်းပုံ ဘယ်လိုဖြည့်ဆည်းမှာလဲ။ (၁) မူလတန်းအောင်တဲ့ကျောင်းသားတွေ ဘယ်လိုဖြည့်ဆည်းမှာလဲ။ (၂) အလယ်တန်းမှာထွက်သွားတဲ့ ကျောင်းသားတွေ ဘယ်လိုဖြည့်ဆည်းပေးမှာလဲ။ ဝန်ကြီးဌာနတစ်ခုတည်းနဲ့ရမလား။ မရနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနတစ်ခုတည်းမရနိုင်ဘူး။ အဲဒီတော့ ၁၀ တန်းကျတဲ့ကျောင်းသားတွေကို ဘယ်လိုဖြည့်ဆည်းမှာလဲ။ ဒါလည်းဝန်ကြီးဌာနက မရနိုင်ပါဘူး။ ဝန်ကြီးဌာနအားလုံးပူးပေါင်းပြီးတော့ ဆောင်ရွက်ဖို့လိုပါတယ်။ နည်းပညာတက္ကသိုလ်တွေမှာလည်း Formal Education ၊ Traditional Education ထက် OBE(Outcome Based Education) ကလည်းအရေးကြီးပါတယ်။ Quality ရဖို့ဆိုတော့ Outcome Based Education ဆိုတာ ကျောင်းမှာစာသင်ရုံနဲ့မပြီးပါဘူး။ ပြင်ပမှာရှိတဲ့ Industry Attachment ဝင်နိုင်အောင် လုပ်ရမယ်။ ဒီလိုဆောင်ရွက်ဖို့က ဥပဒေအနေနဲ့ဆောင်ရွက်ပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီးကလည်း ဒါကိုဆောင်ရွက်ပေးရမှာပါ။ ကျွန်တော်တို့ Law တွေမှာကတော့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ Law လည်း ပြီးသွားပါပြီ။ အလုပ်အကိုင်အခွင့်အလမ်း Law လည်း ပြီးသွားပါပြီ။ အမျိုးသားကျွမ်းကျင်မှု Law လည်းပြီးသွားပါပြီ။ National Skilled Standard Authority(NSSA)ကလည်း ပုဂ္ဂလိကသင်တန်းကျောင်းတွေ အဆင့်(၁)ကနေ အဆင့်(၄)အထိ သူလုပ်နေပါတယ်။ နောက်ဆုံး ကျွန်တော်ပြောချင်တာက အောက်ဆုံးဖြစ်တဲ့ TVET Law ကို ကျွန်တော်ကိုယ်တိုင်ပါဝင်ပြီးတော့ ၂၀၁၃ ခုနှစ်မှာ TVET Law ကို ကျွန်တော်တို့ဆွဲခဲ့ပါတယ်။ TVET Law ဆွဲပြီးတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက အခု အစိုးရသစ်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနနဲ့ပေါင်းပြီးတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကို လွှဲလိုက်ပါတယ်။ ကျွန်တော် တစ်နေ့က ရန်ကုန်ပြန်သွားတော့ ဟာ သူငယ်ချင်း မင်းတို့ငါတို့ဆွဲခဲ့တဲ့ TVET Law ကြီး ဘယ်လိုအခြေအနေရှိလဲ။ အေး ကိုယ်လည်း လွှတ်တော်မှာရောက်နေတာ TVET Law ဖွံ့ဖြိုးတိုးတက်ဖို့စောင့်နေတာ နှစ်နှစ်ရှိပါပြီ။ ဒီအဆိုလေး တင်မလို့ဆို။ ဟာ သူငယ်ချင်း မင်းအခုမှ တင်ရလားကွာ ရောက်တာနှစ်နှစ်ရှိပြီ။ ကျွန်တော် လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက တင်ဖို့ကောင်းပါတယ်။ ကျွန်တော်ကလည်း TVET Law ကိုစောင့်ပါတယ်။ ဒါပေမဲ့ TVET Law ကလည်း ဖြစ်နေကြတာက Mother Law

နဲ့ချိတ်ဆက်မယ်ဆိုပြီးတော့ လုပ်နေတာ။ နိုင်ငံတကာမှာ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဂျာမနီနိုင်ငံမှာ TVET Law ကသက်သက်သွားပါတယ်။ ဘာနဲ့မှမချိတ်ဆက်ပါဘူး။ ထားပါ။ ဒါတွေကလည်း ဆက်လက်ပြီးတော့ ဒါကို ဘယ်သူတွေကလုပ်ရမှာလဲ။ ဒါကြောင့်မို့လို့ ကျွန်တော် TVET ကော်မရှင်အရေးကြီးပါတယ်။ TVET ကော်မရှင်မှ သမ္မတတစ်ဦးက ဦးဆောင်ပြီးတော့ အဖွဲ့ဝင်တွေကတော့ ပြင်ပအဖွဲ့နှင့် MES Person အနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ဖို့လိုပါတယ်။ MES မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီတို့က ကျွမ်းကျင်တဲ့သူနဲ့ ဆောင်ရွက်ဖို့လိုပါတယ်။ ဒါကတော့ ကျွန်တော် ဂျာမနီနိုင်ငံကပေးတဲ့ Vocational Education အစပြုခဲ့တဲ့ စက်မှု(၁)ဝန်ကြီးဌာနက ကျောင်းလေးပါ။ ဒီဟာ ဂျာမန်တွေကပေးခဲ့တဲ့ တွင်ခုံတွေ၊ Workshop တွေ၊ ကျောင်းသားတွေပါ။ ဂျာမန်ကျွမ်းကျင်သူကိုယ်တိုင် Pratical ၈၀ ရာခိုင်နှုန်းနှင့် Theory ၂၀ ရာခိုင်နှုန်းနှင့် သင်ကြားပေးနေပါတယ်။ ကျောင်းသားတစ်ဦးကို စက်တစ်လုံးစီနဲ့ သင်ပါတယ်။ အဲဒီတော့ ဒါကတော့ ကျွန်တော် အသက်မွေးဝမ်းကျောင်းပညာရေးကို ကျွန်တော် ကိုယ်တိုင် Sky Net ကနေပြီးတော့ နှစ်ကြိမ်တိတိ ကျွန်တော် အသက်မွေးဝမ်းကျောင်း ပညာရေးဟာ ဘယ်လိုအရေးကြီးတယ်ဆိုတာကို လွှင့်ခဲ့ပါတယ်။ အဲဒီတော့ CNC Machine ကတော့ တော်တော်လေးကျွန်တော်လည်း သင်ခဲ့တာ။ အခုတော့ ကျွန်တော်ဆီက CNC Machine ကြီးကို တစ်နေရာရွှေ့လိုက်ပါတယ်။ အဲဒီတော့ ဒါစက်မှုသင်တန်းကျောင်းကနေပြီးတော့ နည်းပညာတက္ကသိုလ်ကို ပြောင်းသွားပါပြီ။ ပြောင်းသွားတဲ့အတွက် အဲဒီတော့ ကျွန်တော့်စက်မှုသင်တန်းကျောင်းလေး ကျွန်တော်နောက်ဆုံး နိဂုံးချုပ်အနေနဲ့ ဥက္ကဋ္ဌကြီး ကျွန်တော်ခြုံပြောချင်တာက တိုင်းပြည်ကို Vocational Education နဲ့တီထွင်ပါမယ်။ ကျွန်တော်နောက်ဆုံးပြောချင်တာကတော့ Vocational Education ကို ကျွန်တော်တို့ တိုးတက်အောင်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပုဂ္ဂိုလ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်ဖြစ်ပြီး ဆိပ်ကမ်းမဲဆန္ဒနယ်က ဦးတင်မောင်ဝင်းတင်သွင်းသွားတဲ့ ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာနှင့် သင်တန်းကို မြန်မာနိုင်ငံတွင်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုလက်မှုအထက်တန်းကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ နည်းပညာတက္ကသိုလ်တို့ကို တိုးချဲ့ဖွင့်လှစ်သင်ကြားနေရာ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သော ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်ပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များတို့၏ လိုအပ်သောအရည်အတွက်ကို သုတေသနပြုလုပ်ပြီးမှသာလျှင် သင့်တော်သောမူဝါဒနှင့် နည်းဗျူဟာများ ချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ပါကြောင်းကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ကြိုဆိုထောက်ခံသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်မှာ ဘယ်နိုင်ငံမဆို ပညာတိုင်းပြည်အဖြစ် ထူထောင်နိုင်မှ ကမ္ဘာ့အလယ်မှာတင့်တောင်တင့်တယ် ကျွန်တော်တို့ နေနိုင်မှာဖြစ်ပါတယ်။ သမားရိုးကျသွားနေလို့ မဖြစ်ပါဘူး။ ကျွန်တော်တို့နိုင်ငံကလည်း ပညာနိုင်ငံ၊ ပညာတိုင်းပြည်

အမျိုးအစားဖြစ်အောင် လုပ်စရာရှိတာ သွက်သွက်လက်လက်နှင့် ရဲရဲဝံ့ဝံ့လုပ်ဆောင်ကြဖို့အတွက်ကို ဒီနေ့ တင်သွင်းတဲ့အဆိုက ဒါကိုပဲ ရည်ညွှန်းတယ်လို့ ကျွန်တော်သဘောပေါက်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံပြည်သူတွေဖြတ်သန်းလာရတဲ့ ခေတ်တစ်လျှောက်နှစ်များစွာ ပညာရေးနိမ့်ကျမှု၊ ပညာရေးအဟောသိကံဖြစ်မှုကြောင့် ဒါတွေဖြတ်သန်းလာရတော့ အဲဒီကာလမျိုးဆက်တွေဟာ အရည်အသွေးချို့တဲ့ပြီး အကျိုးဆက်အနေနဲ့ ကျွန်တော်တို့ တိုင်းပြည်စီးပွားရေးတွေကို ထိခိုက်ပြီးတော့ တိုင်းပြည်ဟာ ဆင်းဆင်းရဲရဲဖြစ်သွားခဲ့ရတာ အားလုံးသိပါတယ်။ အဲဒီတော့ အဲဒီလိုအနေအထားက နေပြီးတော့ ကျွန်တော်တို့တိုင်းပြည်ကြီး ပြန်လည်ချမ်းသာအောင်လုပ်တဲ့နေရာမှာ ပညာရေးဟာအဓိက အရေးပါတဲ့ ကဏ္ဍတစ်ရပ်ဖြစ်လာပါတယ်။ ပညာရေးကဏ္ဍဆိုရာမှာ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များလည်း ပါပြီးတော့မှ ဒါတွေဟာလည်း တန်ဖိုးရှိပါတယ်။ လိုအပ်ပါတယ်။ ဒါတွေနှင့်တစ်ပြိုင်တည်း အခုအဆိုမှာပါတဲ့ THS တို့၊ GTI တို့စတဲ့ TVET သင်တန်းကျောင်းတွေ ဖွင့်နိုင်ဖို့က အဓိကကျနေပြီးလို့ ကျွန်တော်မြင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆ ခုနှစ်ကနေပြီးတော့ ၂၀၂၁ ခုနှစ်) အဲဒီမှာရေးထားတာက အစီရင်ခံစာအနှစ်ချုပ် အဲဒီမှာပါတာက အပိုဒ်(ဂ) လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့နိုင်စေရန် မြန်မာ့စီးပွားရေးနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရည်အသွေးမြင့်မားသောနည်းပညာနှင့် အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးသည်အထူးလိုအပ်သည်။ လာမည့်နှစ်များတွင် စိုက်ပျိုး စွမ်းအင်၊ ကုန်ထုတ်လုပ်မှုသတင်းအချက်အလက်နည်းပညာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ဆောက်လုပ်ရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများစွာလိုအပ် လာပါမည်။ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် နည်းပညာနှင့် အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးစနစ်သည် သင်ယူသူများအား မိမိတို့၏အလုပ်အကိုင်ဆိုင်ရာ မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးပြုလာနိုင်စေမည့် အသိပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုများဖြည့်ဆည်းပေးရန် လိုအပ်ပါသည် ဆိုပြီးတော့မှ ဖော်ပြထားတာတွေ့ရှိရပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ နည်းပညာနှင့် အသက်မွေးပညာ ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာအပြောင်းအလဲကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာများ ဆိုတဲ့နေရာမှာ ကျွန်တော် နည်းနည်းကောက်နုတ်တင်ပြရရင် မြန်မာနိုင်ငံ၏ စီးပွားရေးသည် ခေတ်မီနည်းပညာကိုအခြေခံသောစနစ်သို့ ရွေ့လျားကူးပြောင်းနေပြီဖြစ်ရာ စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် နည်းပညာများ၏ တောင်းဆိုမှုမြင့်မားလာသောကြောင့် အလယ်အလတ် နှင့်အဆင့်မြင့်ကျွမ်းကျင်လုပ်သားများလိုအပ်ချက်လည်း မြင့်မားလာပါတယ်။ သို့အတွက် နည်းပညာ နှင့်အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ၏ လိုအပ်ချက်များလည်း အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတိုးတက်ပြောင်းလဲနေပြီ ဖြစ်ပါတယ်။ နည်းပညာနှင့်အသက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးသည် စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး လိုအပ်သော နယ်ပယ်များတွင် လုပ်ငန်းရှင်များနှင့် သင်တန်းကျောင်းများ ချိတ်ဆက်ပူးပေါင်းလုပ်ဆောင်နိုင်ပါက ပိုမိုထိရောက်လာမည်ဖြစ်ပါသည်။ ထို့အပြင် ဆက်စပ်ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်း

ဆောင်ရွက်မှု အားကောင်းခိုင်မာရန်လည်း လိုအပ်လျက်ရှိသည်ဆိုပြီးတော့ ဒီလိုလည်း ဖော်ပြရပါတယ်။

ကျွန်တော်တို့ ၂၀၁၈ ခုနှစ် ဧပြီလကနေပြီးတော့မှ စက်တင်ဘာလအထိ ဝန်ကြီးဌာနအသီးသီးရဲ့ အမျိုးသားစီမံကိန်းမှာ ပညာရေးဝန်ကြီးဌာနရဲ့ ပညာရေးမူဝါဒ(၁၆)ချက်အနက် အမှတ်စဉ်(ပ)မှာ ပညာရပ်နယ်ပယ်အားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့်အသက်မွေးပညာကျွမ်းကျင်သူများအဆင့်လိုက်မွေးထုတ်ရေးဆိုပြီးတော့ ဒီလိုလည်းဖော်ပြပါရှိပါတယ်။ ရည်မှန်းချက်ဆိုတဲ့နေရာမှာလည်း အချက်(၉)ချက်ပါရှိပြီး အမှတ်စဉ်(စ)မှာတော့ ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်တတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့်အသက်မွေးပညာဆိုင်ရာကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်လို့ ဖော်ပြထားတာလည်း တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်ထပ်ပြီး တင်ပြချင်တာကတော့ ကျွန်တော်တို့ ၂၀-၈-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်တိုင် တက်ရောက်ပြီးတော့မှ ပြောသွားတာတစ်ခုရှိပါတယ်။ ကျွန်တော်မှတ်မိသလောက် ကျွန်တော်တို့မြန်မာနိုင်ငံမှာ ကုမ္ပဏီပေါင်းသောင်းချီရှိပေမဲ့ အရည်အချင်းပြည့်ဝတဲ့ ကျွမ်းကျင်အင်ဂျင်နီယာပါတဲ့ အရည်အသွေးပြည့်ဝတဲ့ကုမ္ပဏီတွေဟာ လက်ချိုးရေလို့ရပါ တယ်ဆိုပြီးတော့မှ သူတို့ပြောသွားတာရှိပါတယ်။ ဒါကဘာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ ကျွမ်းကျင်အင်ဂျင်နီယာတွေ မြောက်မြားစွာလိုအပ်နေတယ်ဆိုတော့ ထင်ထင်ရှားရှားကျွန်တော်တို့ မီးမောင်း ထိုးပြသွားတာပါပဲ။ အဲဒီတော့ လုပ်ငန်းစဉ်အနေနဲ့ နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာလုပ်ငန်းစဉ်များဆိုတဲ့ ခေါင်းစဉ်ငယ် အပိုဒ် ၁ အပိုဒ်ခွဲ(ကက)မှာ ခရိုင်အဆင့် မြို့ကြီးများတွင် အသက်မွေးပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်မည်ဆိုပြီးတော့ပါရှိတာကို ကျွန်တော်တို့ အများကြီးကြိုဆိုပါတယ်။ ဒါတွေအားလုံးကို ဆက်စပ်လိုက်ရင် TVET သင်တန်းကျောင်းတွေ တိုင်းပြည်မှာမရှိမဖြစ်လိုအပ်နေပြီဆိုတာ ထင်ရှားနေပါပြီ။ တခြား တိုင်းပြည်တွေမှာလည်း TVET ကိုနည်းမျိုးစုံရယူအသုံးပြုနေတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကျွန်တော်တို့ ဂမ်ဘီယာမှာ အာဖရိကနိုင်ငံကသင်တန်းကျောင်းတစ်ခုပါပဲ။ ဒါအာဖရိကနိုင်ငံတစ်ခုက သင်တန်းကျောင်းမှာ Theory သင်ကြားပေးနေတာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ လက်တွေ့နှင့်ဆက်စပ်ပြီး သင်ကြားပေးနေတာပါ။ ဒါလည်း လက်တွေ့ဆင်းနေကြပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဗီယက်နမ်နိုင်ငံက နည်းပညာတက္ကသိုလ်ပါ။ ဒါကတော့ ကျွန်တော်တို့ ဗီယက်နမ်နိုင်ငံက TVET ကပါပဲ။ လက်တွေ့သင်တန်းဆင်းနေကြတာပါ။ စက်ရုံတွေမှာပါ။ သူတို့ဆီမှာတော့စက်ရုံတွေရှိတယ်။ သင်တန်းဆင်းနိုင်တယ်။ အဲဒီလိုအနေအထားမျိုးတွေရှိနေကြပါပြီ။ ဒါကတော့ ကျွန်တော်တို့ တိုးတက်ပြီးဖြစ်တဲ့၊ ဖွံ့ဖြိုးပြီးဖြစ်တဲ့ ဂျာမနီနိုင်ငံက TVET သင်တန်းသားတွေဖြစ်ပါတယ်။ အစားအသောက်အချက်ပြုတ်တွေပေါ့လေ။ အဲဒီ အသက်မွေးပညာသင်တန်းကို လက်တွေ့ဆင်းနေကြပါတယ်။ ဒါကလည်း ကျွန်တော်တို့ဂျာမနီကပဲဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ အိမ်နီးချင်းယိုးဒယားနိုင်ငံရဲ့ TVET

အခြေအနေဖြစ်ပါတယ်။ အောက်ကစာလုံးအနီတွေနဲ့ Number of TVET Teacher ဆိုတဲ့နေရာမှာ ကျွန်တော်တို့အစိုးရကျောင်းတွေမှာ TVET ကျောင်းသား၊ ကျောင်းဆရာပေါင်း ၁၅၀၀၀ ကျော်၊ ယာယီ ကျောင်းဆရာပေါင်း ၇၇၀၀ ကျော်၊ နောက် Private School ပုဂ္ဂလိကကျောင်းဆရာတွေကတော့ ၁၈၀၀၀ ကျော်ရှိပါတယ်။ ကျောင်းသားတွေအနေနဲ့ကတော့ အစိုးရကျောင်းတွေမှာ ၆၇၀၀၀၀ ကျော်၊ Private School တွေမှာ ၃၆၀၀၀၀ ကျော်ရှိပါတယ်။ အဲဒါကြောင့်မို့လို့ အားလုံးခြုံကြည့်လိုက်မယ် ဆိုရင်တော့ ကျွန်တော်တို့ TVET ဟာနိုင်ငံတကာမှာလည်း ဒီလိုလုပ်နေတဲ့အတွက် ကျွန်တော်တို့ဆီမှာ မဖြစ်မနေ ပေါပေါများများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ရမယ့် အနေအထားရှိနေတာကို တွေ့ရပါတယ်။ သို့သော် နည်းပညာနှင့်အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍအတွက် ဘတ်ဂျက်ဆိုတဲ့ဟာကို ကြည့်လိုက်တော့ ဒီပညာရေးဝန်ကြီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် နည်းပညာနှင့် အသက်မွေးပညာရေး လေ့ကျင့်ရေးကဏ္ဍအတွက် ကျပ်သန်းပေါင်း ၃၀၈၀၀ ကျော် ထုတ်ခွင့်ပြုခဲ့ရ ပါတယ်။ ပညာရေးဘတ်ဂျက်တစ်ခုလုံးရဲ့ ၂.၀၅၇ ဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့ ကျပ်သန်းပေါင်း ၅၅၄၇၂ ပါ။ ၃.၁၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ သန်းပေါင်း ၈၆၀၀၀ ကျော် လျာထားတယ်လို့ သိရပါတယ်။ ဘယ်လောက်ထိ ကျွန်တော်တို့သုံးလို့ရမယ်လို့ မသိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ၁၅-၇-၂၀၁၆ ရက်နေ့ MICC-2 နေပြည်တော်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောတဲ့မိန့်ခွန်းလေးကို ကောက်နုတ်ပြီးတော့ တင်ပြလိုပါတယ်။ ဒီမိန့်ခွန်းမှာ ကျွန်မတို့နိုင်ငံမှာ အသက်မွေးဝမ်းကျောင်းပညာတိုးတက်မှ နိုင်ငံသူ နိုင်ငံသားများရဲ့ဘဝအခြေအနေတိုးတက်မယ်လို့ ယုံကြည်ပါတယ်။ အသက်မွေးဝမ်းကျောင်း ပညာကို အထူးတန်ဖိုးထားတဲ့နိုင်ငံတွေဟာ အင်မတန်မှဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေပါ။ အသက်မွေးဝမ်းကျောင်း ပညာရဲ့တန်ဖိုးကို အဓိကကျွန်မတို့နိုင်ငံသူနိုင်ငံသားများ လက်ခံနားလည်အောင်လို့ လုပ်ပေးနိုင်ဖို့ရန် ဟာ အရေးကြီးဆုံးပဲလို့ ကျွန်မထင်ပါတယ်။ ကျွန်မတို့ရဲ့ အစိုးရအနေနဲ့ ဘယ်လောက်ပဲအားပေးပေး ပညာရေးဝန်ကြီးဌာနအနေနဲ့ အသက်မွေးဝမ်းကျောင်းပညာကို ဘယ်လောက်ပဲဖွင့်ဖွင့်၊ ဘယ်လောက် ပဲကောင်းအောင်လုပ်လုပ် ကျွန်မတိုနိုင်ငံသူနိုင်ငံသားတွေက အသက်မွေးဝမ်းကျောင်းပညာဆိုတာ ဒုတိယတန်းစားပဲ။ ဖြစ်နိုင်ရင်တော့ ငါတို့သားသမီးတွေကို တက္ကသိုလ်ပဲလွှတ်မယ်။ တက္ကသိုလ်မမီမှ အဲဒီအဆင့်ကိုသွားစေမယ်ဆိုတဲ့ စိတ်ဓာတ်တွေရှိမယ်ဆိုရင် အောင်မြင်ဖို့အင်မတန် ခက်ခဲပါလိမ့်မယ် လို့ဆိုပြီး ပါရှိပါတယ်။ ဒါတွေအားလုံး ခြုံငုံသုံးသပ်လိုက်ရင် ပညာတိုင်းပြည်ကြီးဖြစ်ဖို့၊ ဖွံ့ဖြိုးတိုးတက် တဲ့တိုင်းပြည်ကြီးဖြစ်ဖို့ TVET သင်တန်းတွေကို အမှန်တကယ်လိုအပ်ပြီဖြစ်ကြောင်းတင်ပြရင်း အဆိုရှင်၏အဆိုကို ပြည်သူ့လွှတ်တော်တွင် လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတိုက်တွန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေ

ခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးတင်မောင်ဝင်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က တင်သွင်းသော ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရေးနှင့်သင်တန်း(Technical and Vocational Education and Training-TVET)ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုလက်မှုအထက်တန်းကျောင်း (Technical High School)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(Government Technical Institute)၊ နည်းပညာတက္ကသိုလ်(Technical University)တို့ကို တိုးချဲ့ဖွင့်လှစ်သင်ကြားနေရာလျက်ရှိရာ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်နေသော ကျွမ်းကျင်လုပ်သားများ(Skilled Workers)၊ ကျွမ်းကျင်ပညာရှင်များ(Technicians)၊ အင်ဂျင်နီယာပညာရှင်များ(Engineers)များတို့၏ လိုအပ်သောအရေအတွက်ကို သုတေသနပြုလုပ်ပြီးမှသာလျှင် သင့်လျော်သောမူဝါဒနှင့်နည်းဗျူဟာများ (Appropriate Policy & Strategy) ချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ပါကြောင်းကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယခုအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၄-၈-၂၀၁၈ ရက်(သောကြာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းလွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁-၆-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီး

ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်တပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာတင်ပြသွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၃၃၆

ရက်စွဲ ၊၂ ၀ ၁ ၈ ခုနှစ်၊ ဩ ဂုတ် လ ၂၁ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည်ညွှန်းချက်။ အမျိုးသားလွှတ်တော်၏ ၁-၆-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/၂၀၁၈-၃၃၂

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးတင်သွင်းသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၁-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၁-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည် ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။

၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အောက်ဖော်ပြပါ ရည်ညွှန်းချက်သုံးရပ်ကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(က) အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(ခ) အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင် အေးချမ်း သာယာစေရန်၊

(ဂ) အလုပ်ရှင်နှင့်အလုပ်သမားအငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေး ခြင်း ဖြင့်ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖြစ်ပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၈-၂၀၁၈ ရက် (ကြာသပတေးနေ့)နှင့် ၁၀-၈-၂၀၁၈ ရက်(သောကြာနေ့)တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ

ကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်း ဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/၂၀၁၈- ၃၃၆

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ ဩ ဂုတ် လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၁-၆-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၈- ၃၂၂

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး တင်သွင်းသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၁-၂၀၁၈ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၂၁-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာ ပါသည်။

၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အောက်ဖော်ပြပါရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(ခ) အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင် အေးချမ်းသာယာစေရန်၊

(ဂ) အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက် ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာ ရရှိခံစားနိုင်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၈-၂၀၁၈ ရက် ကြာသပတေးနေ့နှင့် ၁၀-၈-၂၀၁၈ ရက် သောကြာနေ့တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး ဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၊ အလုပ်သမား၊ လူဝင်မှု

ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၄၃ ပိုဒ် ပါရှိပါသည်။

( ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက်(၂၆)ချက်ကို သဘောတူလက်ခံ ပါသည်။

( ဂ) အပိုဒ် ၂ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) အလုပ်သမား ဆိုသည်မှာ မိမိ၏ ကာယအား၊ ဉာဏအားကို အသုံးပြု ပြီး အလုပ်ရှင်၏ အချိန်ပိုင်းအလုပ်ကိုဖြစ်စေ၊ အမြဲတမ်းအလုပ်ကိုဖြစ်စေ လုပ်ကိုင်၍ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ ယင်းစကားရပ်တွင် အခကြေးငွေရရှိသည်ဖြစ်စေမရရှိသည်ဖြစ်စေ အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သင်များ၊ အစမ်းခန့်များနှင့် အငြင်းပွားမှုဖြစ်ပွားနေစဉ်အတွင်း အလုပ်မှရပ်စဲခံရသူ သို့မဟုတ် အလုပ်ထုတ်ခံရသူ အလုပ်သမားများလည်း ပါဝင်သည်။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းများ မပါဝင်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) ပုဒ်မခွဲ(ဍ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဍ) အငြင်းပွားမှု ဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းနှင့်အလုပ်သမား သို့မဟုတ် အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများ၏ အလုပ်ခန့်ထားခြင်း၊ အလုပ်လုပ်ကိုင်ခြင်း၊ အလုပ်ရပ်စဲခြင်းတို့နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ လုပ်သက်ဆု၊ လုပ်အားဆုနှင့် စရိတ်အပါအဝင် အလုပ်လုပ်ကိုင်မှု သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်နှင့် သက်ဆိုင်သည့် ထိခိုက်နစ်နာမှုများ၊ လုပ်ငန်းခွင်အတွင်း မတော်တဆ

ထိခိုက်ဒဏ်ရာရရှိမှုများ၊ သေဆုံးမှုများ သို့မဟုတ် လုပ်ငန်းခွင်ကြောင့် ဖြစ်ပေါ်သော ရောဂါများအတွက်လျော်ကြေးနှင့် စပ်လျဉ်း၍သော်လည်း ကောင်း၊ အလုပ်သမားများ၏ နားရက်၊ ခွင့်ကိစ္စအပါအဝင် အလုပ်သမားရေးရာ အခြားကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍သော်လည်း ကောင်း၊ အလုပ်သမားအများစု၏ ရသင့်ရထိုက်သော အကျိုးစီးပွား ဆိုင်ရာကိစ္စရပ်များနှင့်သော်လည်းကောင်း၊ အလုပ်ရှင်တစ်ဦး သို့မဟုတ် အလုပ်ရှင်များ သို့မဟုတ် ယင်းတို့အား ကိုယ်စားပြုသည့်အလုပ်ရှင် အဖွဲ့အစည်းနှင့် အလုပ်သမားတစ်ဦး သို့မဟုတ် အလုပ်သမားများ သို့မဟုတ် ယင်းတို့အား ကိုယ်စားပြုသည့် အလုပ်သမားအဖွဲ့အစည်း တို့အကြား ဖြစ်ပွားသောအငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှု ကို ဆိုသည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဇ) ပုဒ်မခွဲ(ပ) နှင့်(ဏ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ပ) အခွင့်အရေးဆိုင်ရာအငြင်းပွားမှု ဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်သမားများ၏ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုကို ဆိုသည်။

(ဏ) အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှု ဆိုသည်မှာ စုပေါင်းသဘော တူညီချက်နှင့်စပ်လျဉ်းသော အငြင်းပွားမှု၊ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များနှင့် အကျုံးဝင်မှုမရှိသော်လည်း အလုပ်သမားအများစု ၏ရသင့်ရထိုက်သော အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများနှင့် လုပ်ငန်းခွင်ဆက်ဆံရေးနှင့် စပ်လျဉ်းသော အငြင်းပွားမှုများကို ဆိုသည်။

( စ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဈ) ကို ပယ်ဖျက်၍ အပိုဒ်ခွဲ(ည) နှင့် (ဋ) တို့ကို အပိုဒ်ခွဲ(ဈ) နှင့် (ည) တို့အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(ဈ) ပုဒ်မခွဲ(ဖ) နှင့် (ဗ) တို့တွင်ပါရှိသော အလုပ်သမားဝန်ကြီးဌာန ဆိုသည့် စကားရပ်ကို အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ည) ပုဒ်မခွဲ(ဗ) ၏နောက်တွင် ပုဒ်မခွဲ(ဘ)ကို အောက်ပါအတိုင်း ဖြည့်စွက် ရမည်-

(ဘ) ဦးစီးဌာန ဆိုသည်မှာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနကို ဆိုသည်။

(ဆ) အပိုဒ် ၃ အပိုဒ်ခွဲ(က) တွင် ပုဒ်မ ၃ ပုဒ်မခွဲ(က) ခြေဆင်းရှိ လုပ်ငန်းညှိနှိုင်းရေး ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်- ဆိုသည့်စကားရပ်ကို လုပ်ငန်းညှိနှိုင်း ရေးကော်မတီကို သတ်မှတ်ကာလအတွင်း အောက်ပါအတိုင်းဖွဲ့စည်းရမည်- ဟု ပြင်ဆင်ပါသည်။

( ဇ) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) ရှိ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ဂ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ခ) အလုပ်သမားအဖွဲ့အစည်းမရှိလျှင် အလုပ်သမားရေးရာ လုပ်ငန်း ညှိနှိုင်းရေးကော်မတီကို သတ်မှတ်ကာလအတွင်း အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

(ဈ) အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၇။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါ အတိုင်း အစားထိုးရမည်-

၉။ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၇ အရ ဆွေးနွေးညှိနှိုင်းရာတွင် -

(က) ပြေငြိမ်းမှုရရှိပါက အလုပ်ရှင်နှင့် အလုပ်သမားများသည် စုပေါင်း သဘောတူညီချက် ချုပ်ဆိုပြီးသက်ဆိုင်ရာ ညှိနှိုင်း ဖျန်ဖြေရေး အဖွဲ့ထံသို့ မိတ္တူ ပေးပို့ရမည်။

(ခ) ပြေငြိမ်းမှုမရရှိသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဖျန်ဖြေရေး ကို ဆက်လက်ခံယူလိုပါက အလုပ်ရှင် သို့မဟုတ် အလုပ် သမားသည် သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင် ကြားနိုင်သည်။

(ဂ) စုပေါင်းသဘောတူညီချက်ကို လိုက်နာမှုမရှိပါက နစ်နာသူသည် သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားနိုင်သည်။

(ဃ) စုပေါင်းသဘောတူညီချက်၏ သက်တမ်းကာလမှာ တစ်နှစ် ဖြစ်ရမည်။ အဆိုပါသက်တမ်းကာလအတွင်း သဘောတူညီ ထားသည့်အချက် နှင့်စပ်လျဉ်း၍ ထပ်မံတောင်းဆိုခြင်းမပြုရ။

(ည) အပိုဒ် ၇ ကို အပိုဒ် ၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါ အတိုင်း အစားထိုးရမည်-

၁၀။(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော် အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က တာဝန်ပေးအပ်သူတစ်ဦး၊ ဥက္ကဋ္ဌ

(၂) အခြေခံနှင့် မြို့နယ်အလုပ်ရှင် အဖွဲ့အစည်းများက ရွေးချယ်ပေးသော အခြေခံနှင့် မြို့နယ်အဆင့်အလုပ်ရှင် အဖွဲ့အစည်းဝင် ကိုယ်စားလှယ် သုံးဦး အဖွဲ့ဝင်

(၃) အခြေခံနှင့် မြို့နယ်အလုပ်သမားအဖွဲ့အစည်းများကရွေးချယ်ပေးသော အခြေခံနှင့် မြို့နယ်အဆင့် အလုပ်သမား အဖွဲ့အစည်းဝင် ကိုယ်စားလှယ်သုံးဦး၊ အဖွဲ့ဝင်

(၄) သက်ဆိုင်ရာ မြို့နယ်အဆင့် အစိုးရဌာန ဆိုင်ရာ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(၅) ဝန်ကြီးဌာနက တာဝန်ပေးအပ်သူ တစ်ဦး အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို စက်ရုံ၊ အလုပ်ရုံများ၊ အလုပ်သမားဦးရေနှင့် အငြင်းပွားမှု များပြားသော မြို့နယ်များတွင် လိုအပ်ပါက တစ်ဖွဲ့ထက်ပို၍ ဖွဲ့စည်းနိုင်သည်။

( ဋ) အပိုဒ် ၉ ကို အပိုဒ် ၁၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

၁၂။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည်-

(က) တိုင်ကြားလာသည့် သို့မဟုတ် လက်ခံရရှိသည့် အငြင်းပွားမှုအား ပြေငြိမ်းစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ

သတ်မှတ်ကာလအတွင်း ဖျန်ဖြေဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အခွင့်အရေးဆိုင်ရာအငြင်းပွားမှု သို့မဟုတ် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုအမျိုးအစား ခွဲခြားသတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အကျုံးမဝင်သည့် အငြင်းပွားမှုများ၊ အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုများနှင့် အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ၏ စုပေါင်းသဘော တူညီချက်ကို လိုက်နာမှုမရှိ၍ တိုင်ကြားလာသည့် အချက်များ သည် တည်ဆဲအလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာကိစ္စရပ် များဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနများ၊ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားနိုင်ရန် သက်ဆိုင်ရာအလုပ်ရှင် အလုပ်သမားများထံ အသိပေးရမည်။

( ဌ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၀ ကို ပယ်ဖျက်ပါသည်။

( ဍ) အပိုဒ် ၁၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၁။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါ အတိုင်း အစားထိုးရမည်-

၁၃။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် ပုဒ်မ ၁၀ အရ ဖွဲ့စည်းသည့် ညှိနှိုင်းဖျန်ဖြေ ရေးအဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းအပါအဝင် အခြားလိုအပ်သည့်ကိစ္စ ရပ်များအား ဆောင်ရွက်ရမည်။

( ဎ) အပိုဒ် ၁၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါ အတိုင်း အစားထိုးရမည်-

၁၄။ မြန်မာနိုင်ငံအတွင်း တည်ထောင်ထားရှိသည့် အထူးစီးပွားရေးဇုန် တွင် အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရေးအတွက် သီးခြားဥပဒေ ပြဋ္ဌာန်းချက်မရှိ လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် ပုဒ်မ ၁၀ ပါအတိုင်း အထူးညှိနှိုင်းဖျန်ဖြေရေး အဖွဲ့များကို ဖွဲ့စည်းရမည်။

(ဏ) အပိုဒ် ၁၃ ရှိ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁၆။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတွင် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သူတစ်ဦး ဥက္ကဋ္ဌ

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ မြို့နယ်နှင့် အခြေခံ အလုပ်ရှင်အဖွဲ့အစည်းဝင်များက အဆိုပါအဖွဲ့ အစည်းဝင်များထဲမှ ဆန္ဒမဲဖြင့် ရွေးချယ်သော ကိုယ်စားလှယ်ငါးဦး အဖွဲ့ဝင်

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ မြို့နယ်နှင့် အခြေခံအလုပ်သမားအဖွဲ့အစည်းဝင်များက အဆိုပါအဖွဲ့အစည်းဝင်များထဲမှ ဆန္ဒမဲဖြင့် ရွေးချယ်သော ကိုယ်စားလှယ် ငါးဦး အဖွဲ့ဝင်

(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ် သုံးဦး အဖွဲ့ဝင်

(င) ဝန်ကြီးဌာနက တာဝန်ပေးအပ်သူတစ်ဦး အတွင်းရေးမှူး

(တ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၃ ရှိ ပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ပါသည်။

(ထ) အပိုဒ် ၁၅ ရှိ ပုဒ်မ ၁၉ ပုဒ်မခွဲ(ခ)နှင့်(ဂ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။(ခ) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်ရှင်ရေးရာအဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ် များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေ အလုပ်ရှင်အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အလုပ်ရှင်အဖွဲ့အစည်းများ၊ မြို့နယ် အလုပ်ရှင်အဖွဲ့အစည်းများက ပူးပေါင်းရွေးချယ်သော ပုဂ္ဂိုလ်ငါးဦး၊

(ဂ) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေ အလုပ်သမားအဖွဲ့အစည်းများ၊ မြို့နယ်အလုပ်သမား အဖွဲ့အစည်းများက ပူးပေါင်းရွေးချယ်သောပုဂ္ဂိုလ်ငါးဦး၊

( ဒ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၅ ရှိ ပုဒ်မ ၁၉ ပုဒ်မခွဲ(ဃ) ကို ပယ်ဖျက်ပါသည်။

( ဓ) အပိုဒ် ၁၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၆။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၉ ၏ နောက်တွင် ၁၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၁၉-က။ ထိုဖွဲ့စည်းပြီးသော ကိုယ်စားလှယ်များပါဝင်သည့် ခုံသမာဓိ ကောင်စီဝင်များထဲမှ အလှည့်ကျ သဘာပတိတစ်ဦးကို ဝန်ကြီးဌာနက ရွေးချယ်သော ပုဂ္ဂိုလ်များထဲမှ အဖွဲ့ဝင်များ၏ ဆန္ဒမဲဖြင့်ရွေးချယ်ရမည်။

( န) အပိုဒ် ၁၉ ကို အပိုဒ် ၂၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၃။ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်သည် အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုနှင့် စပ်လျဉ်း၍ မကျေနပ်သူကိုယ်တိုင်ဖြစ်စေ၊ တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သက်ဆိုင်ရာဦးစီး ဌာနများ သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့ လျှောက်ထားနိုင် သည်။

( ပ) အပိုဒ် ၂၀ ကို အပိုဒ် ၂၁ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၄ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၁။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၄။ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမား တစ်ဖက်ဖက်၏တိုင်ကြားချက်အရဖြစ်စေ၊ ဝန်ကြီးဌာန၏ အကြောင်းကြားချက်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အကြောင်းကြားချက်အရဖြစ်စေ၊ အခြားနည်းလမ်း တစ်ခုခုအရဖြစ်စေ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့် အကျိုးစီးပွား

ဆိုင်ရာ အငြင်းပွားမှုကို သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

( ဖ) အပိုဒ် ၂၁ ကို အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၅ တွင် ပါရှိသော စုပေါင်းအငြင်းပွားမှုကို ဆိုသည့်စကားရပ်ကို အကျိုးစီးပွားဆိုင်ရာအငြင်းပွားမှုကို ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( ဗ) အပိုဒ် ၂၃ ကို အပိုဒ် ၂၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၇။ သက်ဆိုင်ရာခုံသမာဓိအဖွဲ့သည် ပုဒ်မ ၂၆ အရညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်သော အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုအား လက်ခံ ရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်ပြီး တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာအငြင်းပွားသူများထံ ဆုံးဖြတ်ချက်ပေးပို့ရမည်။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်ဖြစ်ပါက ဝန်ကြီးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ မိတ္တူပေးပို့ရမည်။

(ဘ) အပိုဒ် ၂၇ ကို အပိုဒ် ၂၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၃၃။ ခုံသမာဓိကောင်စီသည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က) အရ ခုံအဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက် မိတ္တူကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ ပေးပို့ရမည်။

( မ) အပိုဒ် ၃၀ ကို အပိုဒ် ၃၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၁။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၃၈။ အလုပ်ရှင် သို့မဟုတ် အလုပ်သမားမည်သူမျှ တောင်းဆိုတိုင်ကြားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း ဖြေရှင်းရန်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ချိန်းဆိုသည့် နေ့ရက်၊အချိန်တွင် ကာယကံရှင်အလုပ်ရှင်သို့မဟုတ်

အလုပ်သမားကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ၊ တက်ရောက်ရန် ခိုင်လုံသော အကြောင်း ပြချက်မရှိဘဲ ပျက်ကွက်ခြင်းမရှိစေရ။

(ယ) အပိုဒ် ၃၁ ကို အပိုဒ် ၃၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၈ ၏ နောက်တွင်ပုဒ်မ ၃၈-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၃၈-က။ အလုပ်ရှင်၊ အလုပ်သမားဖြစ်သူ မည်သူမျှပုဒ်မ ၃ ပါပြဋ္ဌာန်းချက်နှင့်အညီ ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းရန် ပျက်ကွက်ခြင်း မရှိစေရ။ ထိုသို့ဖွဲ့စည်းရန် ပျက်ကွက်ခြင်းကြောင့် သက်ဆိုင်ရာတရားရုံးမှ ပြစ်မှုထင်ရှား စီရင်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ဖွဲ့စည်းရန် ထပ်မံပျက်ကွက်ခြင်းမရှိစေရ။

(ရ) အပိုဒ် ၃၂ ကို အပိုဒ် ၃၃ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပုဒ်မ ၃၉ ရှိ မည်သည့် အလုပ်ရှင်မျှ ဆိုသည့်စကားရပ်ကို အလုပ်ရှင်မည်သူမျှ ဟု ပြင်ဆင်ပါသည်။

(လ) အပိုဒ် ၃၃ ကို အပိုဒ် ၃၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၉ ၏ နောက်တွင် ပုဒ်မ ၃၉-က ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၃၉-က။ အလုပ်သမား မည်သူမျှအငြင်းပွားမှု ဖြေရှင်းနေစဉ် ကုန်ထုတ်လုပ်မှုကျဆင်းစေရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကျန်ရှိသော အခြားအလုပ်သမားများ၏ အကျိုးစီးပွား ပျက်စီးစေရန် ဆောင်ရွက်ခြင်းမပြုရ။

(ဝ) အပိုဒ် ၃၄ ကို အပိုဒ် ၃၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပုဒ်မ ၄၃ ရှိ ချုပ်ဆိုခဲ့သည့် ဆိုသည့်စကားရပ်ကို ချုပ်ဆိုခဲ့သူမည်သူမျှ ဟု ပြင်ဆင် ပါသည်။

(သ) အပိုဒ် ၃၆ ကို အပိုဒ် ၃၇ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၆။ အလုပ်ရှင် သို့မဟုတ် အလုပ်သမားဖြစ်သူမည်သူမဆို-

(က) ပုဒ်မ ၃၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည်။

(ခ) အလုပ်ရှင် သို့မဟုတ် အလုပ်သမားဖြစ်သူ မည်သူမဆို ပုဒ်မ ၃၈-က ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်နှစ်သိန်းအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည်။

**မူကြမ်း**

(ဂ) အလုပ်ရှင် သို့မဟုတ် အလုပ်သမားဖြစ်သူ မည်သူမဆို ပုဒ်မ ၃၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည်။

(ဃ) အလုပ်ရှင် သို့မဟုတ် အလုပ်သမားဖြစ်သူ မည်သူမဆို ပုဒ်မ ၃၉-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် နှစ်သိန်းအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည်။

(င) မည်သူမဆို ပုဒ်မ ၄၅-က ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည်။

(ဟ) အပိုဒ် ၃၇ ကို အပိုဒ် ၃၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ ၏ နောက်တွင်ပုဒ်မ ၄၆-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၄၆-က။(၁) ပုဒ်မ ၄၆၊ ပုဒ်မခွဲ(က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးဒဏ်ငွေကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ချမှတ်ရမည်။

(၂)ပုဒ်မ ၄၆၊ ပုဒ်မခွဲ(ခ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ဒဏ်ငွေကျပ်ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

(၃)ပုဒ်မ ၄၆၊ ပုဒ်မခွဲ(ဂ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးဒဏ်ငွေကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်း သုံးဆယ်အထိ ချမှတ်ရမည်။

(၄)ပုဒ်မ ၄၆၊ ပုဒ်မခွဲ(ဃ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ဒဏ်ငွေကျပ်ငါးသိန်းမှအများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

**မူကြမ်း**

(၅)ပုဒ်မ ၄၆၊ ပုဒ်မခွဲ(င) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ဒဏ်ငွေကျပ်နှစ်သိန်းမှ အများဆုံးကျပ် ငါးသိန်းအထိ ချမှတ်ရမည်။

(ဠ) အပိုဒ် ၃၈ ကို အပိုဒ် ၃၉ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၇။ မည်သူမဆို ပုဒ်မ ၄၀၊ ၄၁ နှင့် ၄၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်းနှစ်ဆယ်အောက်မနည်းသော ငွေဒဏ်ချမှတ်ရမည်။

(အ) အပိုဒ် ၃၉ ကို အပိုဒ် ၄၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၄၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၈။ မည်သူမဆို ပုဒ်မ ၄၄ နှင့် ၄၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်ဆယ်သိန်းအောက် မနည်းသော ငွေဒဏ်ချမှတ်ရမည်။

( - ) အပိုဒ် ၄၀ ကို အပိုဒ် ၄၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၁။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ ၏ နောက်တွင် ပုဒ်မ ၄၈-က ကိုအောက်ပါအတိုင်း အစားထိုးရမည်-

၄၈-က။(၁)အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းရေး အဖွဲ့ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုသူ၊ အလုပ်ရှင် သို့မဟုတ် အလုပ်သမားဖြစ်သူ မည်သူမဆို ပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငွေဒဏ် ကျပ်သိန်းငါးဆယ် ချမှတ်ရမည့်ပြင် အလုပ်သမား ရရန်ရှိသည့် ငွေကြေးအကျိုးခံစားခွင့်ကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

(၂) ပုဒ်မ ၃၇ ပါ လိုက်နာရန် တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၃-က ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငွေဒဏ် ကျပ်သိန်းတစ်ရာ ချမှတ်ရမည့်ပြင် အလုပ်သမားရရန်ရှိသည့် ငွေကြေး အကျိုးခံစားခွင့်ကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

( - ) အပိုဒ် ၄၁ ကို အပိုဒ် ၄၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

၄၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၉ ၏ နောက်တွင် ပုဒ်မ ၄၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၄၉-က။ ခုံသမာဓိကောင်စီ သို့မဟုတ် သက်ဆိုင်ရာခုံသမာဓိအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးအား သတ်မှတ်ထားသည့် အရည်အချင်း ပျက်ယွင်းကြောင်း စစ်ဆေးတွေ့ရှိလျှင် ဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထိုသူအား အဖွဲ့ဝင်အဖြစ်မှ ရပ်စဲ ရမည်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၁ ရှိ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၄၉-ခ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၄၂ ကို အပိုဒ် ၄၃ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၅၀ ကို အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

၅၀။ ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိ ကောင်စီတို့သည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရမည်ဖြစ်ပြီး သက်တမ်းပြည့်သည့်နေ့တွင် ရွေးချယ် တင်မြှောက်ခံရသော အဖွဲ့များကို တာဝန်လွှဲပြောင်းပေးအပ်ရမည်။ သို့သော် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့၏ သက်တမ်း ကုန်ဆုံးပြီးဖြစ်သော်လည်း ဤဥပဒေနှင့်အညီ အသစ်ပြန်လည် ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

၄။ သို့ဖြစ်ပါ၍ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင် သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျရေးသားဖော်ပြ၍ ၂၇-၈-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာနဲ့ စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်လေးဦးက အမည်စာရင်းတင်သွင်းထား ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ဆွေးနွေးဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီကတင်သွင်းတဲ့ အစီရင်ခံစာနှင့်ပတ်သက်ပြီးတော့မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ပြည်သူတွေအတွက် တင်ပြချက် တွေကို အမှန်တကယ်အကောင်အထည်ဖော်နိုင်အောင် ဒီကော်မတီကနေမှဆောင်ရွက်ပေးနေတဲ့ အတွက် အရမ်းကျေးဇူးတင်ပါတယ်လို့ ပြောလိုပါတယ်။ ကော်မတီရဲ့အစီရင်ခံစာနဲ့ပတ်သက်ပြီးတော့ မှ အပိုင်းနှစ်ပိုင်းခွဲပြီးတော့ ဆွေးနွေးလိုပါတယ်။ ပထမတစ်ပိုင်းကတော့ ကော်မတီရဲ့အစီရင်ခံစာတွေ ကို သဘောကျလို့ကြိုဆိုလက်ခံတဲ့အပိုင်းဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေက အစီရင်ခံစာတွေ ပို့ဖို့ ပျက်ကွက်တဲ့အတွက် နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်ပေါ်တယ်။ ဒါကို ပုံမှန်ပို့ဖို့ အကြံပြုတိုက်တွန်းတဲ့ ဟာက အရမ်းကောင်းမွန်ပြီးတော့မှ လွှတ်တော်နဲ့အစိုးရရဲ့ Check and Balance စနစ်ကို ပိုမိုပြီး အားကောင်းစေတယ်လို့မြင်ပါတယ်။ ဒီအပိုင်းကို ကျွန်တော်တို့ အရမ်းကြိုဆိုပါတယ်။ နောက်တစ်ချက် ကတော့ ဝန်ကြီးဌာနတွေအနေနဲ့ ဖြေတဲ့အခါမှာ ဆောင်ရွက်ပေးမယ့်ဘဏ္ဍာနှစ်ကို ထည့်သွင်းဖြေကြား ပေးဖို့ အကြံပြုချက်ဖြစ်ပါတယ်။ ဒီအချက်ဟာ ပိုပြီးတော့မှ မေးခွန်းတွေကို ရှင်းရှင်းလင်းလင်းအဖြေ ရနိုင်တဲ့အတွက်ကြောင့်မို့လို့ အရမ်းကောင်းမွန်တယ်လို့ မြင်ပါတယ်။ ဒီအပိုင်းကတော့ ကျွန်တော် အဓိကထားပြီးတော့မှ ဆွေးနွေးလိုတဲ့အပိုင်းဖြစ်ပါတယ်။ အစီရင်ခံစာအပိုဒ်(၁၂)မှာ ဖော်ပြထားတာ ကတော့ ပြည်ထောင်စုဝန်ကြီးများက လွှတ်တော်တွင် ဖြေကြားရာ၌ နှစ်အလိုက်ဘဏ္ဍာငွေလျာထား တင်ပြတောင်းခံထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဟုဆိုပါက လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ကတိဖြစ်သည်ဟု လွဲမှားစွာ မှတ်ယူနေကြောင်းဆိုပြီးတော့မှ ရေးထားတာ တွေ့ရပါတယ်။

ဒီအပိုင်းကတော့ ကျွန်တော့်အနေနဲ့ကတော့ ဝေဖန်ထောက်ပြလိုတဲ့အပိုင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုမျိုးဖြေလိုက်လို့ရှိရင် ဒီအပိုဒ်တွေမှာ ရေးထားတာက လွှတ်တော်ကိုယ်စားလှယ်တွေကပဲ အဖြေတွေကို နားမလည်သယောင်ယောင်၊ သဘောပေါက်မှုလွဲနေ သယောင်ယောင် ဖြစ်စေပါတယ်။ ဖြေတဲ့အဖြေမှာကိုက ဒီဟာကိုက ကတိလို့ယူရမှာလား၊ မယူရဘူးလားဆိုတဲ့ မေးခွန်းက အစကတည်းက ရှိနေတာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အနေနဲ့ဆိုလို့ရှိရင် ၂၀၁၇ ခုနှစ်တုန်းက ကျွန်တော်တို့ကောလင်းမြို့နယ်အတွက် အရေးပါတဲ့ လမ်းကြီးတွေ မေးခဲ့ပါတယ်။ ကောလင်း-အုတ်ကန်လမ်း၊ ကောလင်း-ကျောက်ပျဉ်သာလမ်း၊ ချောင်းနား-ကြို့ပင်လမ်းဆိုပြီးတော့မှ လမ်းကြီးတွေ မေးခဲ့ပါတယ်။ မေးတဲ့အခါမှာ ဝန်ကြီးဌာနတွေအနေနဲ့ ဖြေခဲ့တာက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီ ရရှိတဲ့ ဘဏ္ဍာငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့မှ ဆောင်ရွက်ပေးသွားရမယ် ဆိုပြီးတော့ ဒီလိုအလားသဏ္ဍာန်တူတဲ့အဖြေတွေကိုပဲ ပေးပါတယ်။ အများစု ကျွန်တော်တို့ကြည့်တဲ့ အခါမှာလည်း အဖြေတွေက ဒီလိုမျိုးအလားသဏ္ဍာန်တူတဲ့အဖြေတွေကိုပဲ ပေးတာဖြစ်ပါတယ်။ အဲဒီလိုမျိုးပေးတဲ့အခါမှာ ကျွန်တော်တို့က ပြည်သူလူထုကတင်ပြတောင်းဆိုလို့ ပြည်သူလူထုရဲ့ကိုယ်စား လွှတ်တော်မှာ တင်ပြတယ်။ တင်ပြတဲ့အခါမှာ ပြီးလို့ရှိရင် ကျွန်တော်တို့ရရှိတဲ့အဖြေတွေကို ပြည်သူလူထုကို ကျွန်တော်တို့က ပြန်ပြီးအစီရင်ခံရပါတယ်။ Report Back လုပ်ရပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ရရှိတဲ့အဖြေတွေကို ကျွန်တော်တို့ကကြည့်ပြီးတော့မှ ပြည်သူလူထုက ဒါဟာ လုပ်ပေးမှာပဲလို့ ယူဆစရာဖြစ်ရင် သူတို့က တကယ်လုပ်ပေးမယ်လို့ ယူဆမှာပါ။ အဲဒီကျလို့ရှိရင် တကယ်မလုပ်ပေးနိုင်လို့ရှိရင် ကျွန်တော်တို့က False Source မှော်လင့်ချက်အမှား ပေးရာရောက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဝန်ကြီးဌာနတွေအနေနဲ့ ဖြေတဲ့အခါမှာ၊ ပြည်ထောင်စုအဆင့်အနေနဲ့ ဖြေတဲ့အခါမှာ ကျွန်တော်တို့က လုပ်ပေးနိုင်ခြေရှိ/မရှိ၊ တကယ်လိုအပ်ချက်ရှိ/မရှိစစ်ဆေးပြီးတော့မှ ဘဏ္ဍာငွေ တကယ်ရနိုင်/မရနိုင် သက်ဆိုင်ရာအဖွဲ့တွေနဲ့ညှိနှိုင်းပြီးတော့မှ ကျွန်တော်တို့တကယ်လုပ်ပေးနိုင်တယ်၊ မလုပ်ပေးနိုင်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်းဖြေပေးစေလိုပါတယ်။ ဒါမျိုးကို ကျွန်တော်တို့က ပြောရမယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲဒီတော့ ကတိကဝတ်ကော်မတီရဲ့အစီရင်ခံစာမှာ ဒီအပိုင်းလေးကို ကျွန်တော်တို့က အစီရင်ခံစာကို ပြင်ခွင့်မရှိတဲ့အတွက်ကြောင့်မို့လို့ နောက်ထပ်အစီရင်ခံစာတွေမှာ ဒါလေးတွေကို ကျွန်တော်တို့က သက်ဆိုင်ရာအဖွဲ့အစည်းတွေကို တိုက်တွန်းတဲ့ဟာလေး ထည့်သွင်းပေးဖို့ အကြံပြုဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေ့ဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီက တင်သွင်းထားတဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကနေ ဆဋ္ဌမပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းတွေ၊ ကြယ်ပွင့်မပြမေးခွန်းတွေနှင့် အဆိုတွေအပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက

ဆောင်ရွက်ထားတဲ့ ကိစ္စရပ်နှင့်ပတ်သက်ပြီးတော့ အစီရင်ခံစာတင်သွင်းထားတဲ့အပေါ်မှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အစီရင်ခံစာရဲ့ သုံးသပ်ချက်အပိုင်းကို ကြည့်လို့ရှိရင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ထမ်းဖွဲ့စည်းပုံတောင်းတဲ့အခါတိုင်းမှာ အဆင့်ဆင့်လုပ်ထုံးလုပ်နည်းတွေ ဆောင်ရွက်နေရသဖြင့် ဆေးရုံ၊ ဆေးခန်းတွေတည်ဆောက်ပြီးစီးပြီး အချိန်ကာလအတန်ကြာမှ ဝန်ထမ်းဖွဲ့စည်းပုံချပေးတဲ့အတွက် ကတိအတိုင်း မဆောင်ရွက်သလိုဖြစ်နေတယ်ဆိုတာကို သုံးသပ်တွေ့ရှိရတဲ့အကြောင်း ကော်မတီကတင်ပြထားတာ တွေ့ရပါတယ်။ အမှန်လည်း မြေပြင်အခြေအနေမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တင်ပြချက်တွေနှင့်ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ကတိမတည်သလို၊ ကတိအတိုင်းမဆောင်ရွက်သလို ဖြစ်နေတာတွေလည်း အမှန်ပဲဖြစ်ပါတယ်။ အဲဒီမှာ အကြံပြုချက်မှာ ကော်မတီရဲ့အကြံပြုချက်အရ ဝန်ကြီးဌာနအနေနဲ့ လက်ရှိဖွဲ့စည်းပုံဇယားမှာ ပါရှိတဲ့အတိုင်းဆောင်ရွက်နေမယ်ဆိုလို့ရှိရင် လုပ်ငန်းတွေကြန့်ကြာမှာဖြစ်တဲ့အတွက် အမြန်ဆုံးနည်းနဲ့ ထိရောက်တဲ့နည်းလမ်းနဲ့ ပြန်လည်သုံးသပ်ပြီးတော့ ဆောင်ရွက်ဖို့အကြံပြုထားတာ တွေ့ရတဲ့အတွက် ကော်မတီရဲ့အစီရင်ခံစာအား ကြိုဆိုပါတယ်။

နောက်ပြီးတော့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ဆဲလုပ်ငန်းအနေနဲ့ ကြည့်လိုက်လို့ရှိရင်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ဆဲလုပ်ငန်းကျန်နေတာ အများဆုံးဖြစ်နေတာ တွေ့ရပါတယ်။ ဆောင်ရွက်ဆဲလုပ်ငန်းတွေက တစ်ခြားဝန်ကြီးဌာနတွေမှာနည်းနေပြီးတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ၁၇၀ ထိအောင် ဆောင်ရွက်ဆဲဆိုတာဖော်ပြထားတာ တွေ့ရတဲ့အတွက် ဒီဝန်ကြီးဌာနအနေနဲ့ အားစိုက်ပြီးတော့ လိုအပ်တယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အဲဒီလိုပဲ ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော်မေးခဲ့တဲ့ ကျွန်တော့်မဲဆန္ဒနယ်က မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျေးလက်ကျန်းမာရေးဌာနခွဲ တင်ပြတောင်းခံထားတာ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်အတွင်းမှာ ပြီးစီးအောင်ဆောင်ရွက်ပေးသွားပါမယ်လို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြန်လည်ဖြေကြားထားတာရှိသလို တတိယပုံမှန်အစည်းအဝေးမှာလည်း အဲဒီလိုပဲ ကျန်းမာရေးဝန်ကြီးဌာနခွဲကို ဖွဲ့စည်းပုံကျအောင်လို့ ဆောင်ရွက်ပေးသွားမယ်လို့ ဖြေထားတာရှိပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ ကံကုလားကျေးရွာနှင့် အလံပါယ်ကျေးရွာပဲဖြစ်ပါတယ်။ ဒီရွာတွေကို ကျွန်တော်တို့ ဘာကြောင့်ကြားနေတာလဲလို့ ကော်မတီကိုထပ်ပြီးတော့ မေးလိုက်တဲ့အခါမှာ ကော်မတီမှာပြန်ကြားထားတာက ဒါလုပ်ထုံးလုပ်နည်းအရ မြေပြင်အခြေအနေမှာ ပုံစံ-၁၀၅ တွေကျဖို့အတွက် ဆောင်ရွက်နေတယ်လို့၊ ကြန့်ကြာနေတယ်လို့ ဖြေထားတာတွေ့ရပါတယ်။ အမှန်တော့ဒီမှာကျွန်တော်တို့ မေးခွန်းစမေးကတည်းကအတိုင်း ဒါကြယ်ပွင့်မပြမေးခွန်းပဲ ဖြစ်ပါတယ်။။ အဲဒီကတည်းက မြေပုံနှင့်တကွ အဆောက်အအုံလည်း ကျေးရွာကနေဆောက်ထားတယ်။ မြေကိုလည်း ၁၀၅ တွေလည်းရပြီးပြီဖြစ်တယ်။ ဒါတွေထွက်တယ်ဆိုတဲ့အကြောင်းကို မေးခွန်းမှာတစ်ခါတည်း တင်ပြထားတာဖြစ်ပါတယ်။ ဝန်ကြီးဌာနက ကြယ်ပွင့်မပြဖြေတဲ့အခါမှာလည်း သက်ဆိုင်ရာတိုင်းဒေသကြီးရဲ့ ထောက်ခံချက်အရ သတ်မှတ်ထားတဲ့ မူဝါဒတွေနဲ့ ကိုက်ညီတဲ့အတွက် ဒါ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ပြီးစီးအောင်ဆောင်ရွက်ပေးသွားမယ်လို့ ဖြေသော်လည်းပဲ ဒီအချိန်အထိအောင် ဘာမှအကြောင်းမထူးသေးတဲ့အတွက် ဒါကတိမတည်သလိုဖြစ်နေတယ်လို့ ကျွန်တော့်အနေနဲ့ ထောက်ပြလို

ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ပဥ္စမပုံမှန်အစည်းအဝေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေခဲ့တဲ့ကတိတစ်ခုကိုပါ။ ဒါနှင့်ပတ်သက်ပြီးတော့ ဒါကကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ် ဧရာဝတီမြစ်ကမ်းနံဘေးမှာရှိတဲ့ ကမ်းပတ်တာ၊ ကမ်းပတ်တာနှင့်ပတ်သက်ပြီး တော့ တစ်ပိုင်းတစ်စကတိဖြစ်ပြီးတော့၊ တစ်ပိုင်းတစ်စကတိမဖြစ်တဲ့ပုံစံမျိုး ဖြစ်နေတယ်လို့ ကျွန်တော်တို့တွေ့ရပါတယ်။ သို့သော်လည်းပဲ လိုအပ်ချက်အရ ကွင်းဆင်းတိုင်းတာတွက်ချက်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများကိုအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားပါမည် ဆိုပြီးတော့ ဖြေထားတာရှိပါတယ်။ ကွင်းဆင်းတိုင်းတာမှုလုပ်ငန်းများကို အချိန်ခြောက်လတာ ကြာမြင့်မှာဖြစ်တယ်လို့ ဖြေကြားသွားပြီးတော့ ဒီကနေ့အချိန်ထိအောင် ကွင်းဆင်းတိုင်းတာမှု မရှိခဲ့ပါ ဘူး။ ဒါက ကျွန်တော်တို့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၀)ရက် မြောက်နေ့မှာ မေးခဲ့ခြင်းဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကွင်းဆင်းတိုင်းတာမရှိတဲ့အတွက် ကော်မတီကို ၁-၂-၂၀၁၈ ရက်နေ့မှာ ကိုယ်စားလှယ်တစ်ယောက် အနေနဲ့ စာတင်ပြီးတော့ အကူအညီတောင်းခံခဲ့ပါတယ်။ ကော်မတီကလည်း ကျွန်တော် ၁ ရက်နေ့ စာတင်တယ်ဆိုရင်ပဲ ၆ ရက်နေ့ကို ဝန်ကြီးဌာနကို ဒီစာနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကို အလေးထားပြီးတော့ အကျိုးအကြောင်းပြစာပြန်ဖို့အတွက် ဝန်ကြီးဌာန ကို စာထွက်ထားတာ ကျွန်တော့်ဆီကို မိတ္တူပို့ပါတယ်။ ဝန်ကြီးဌာနက အလေးထားပြီးတော့ သက်ဆိုင်ရာကိုယ်စားလှယ်ကို ပြန်ပါ။ မိတ္တူကို ကော်မတီကိုပေးပါလို့လည်း ပြန်ထားပါတယ်။ ဒီစာထွက်ထားတာဆိုရင် ခြောက်လခွဲတောင်ကျော်နေပါပြီ။

သို့သော် ဝန်ကြီးဌာနက ဒီအချိန်အထိအောင် စာမပြန်သေးပါဘူး။ ဒါဟာ ဝန်ကြီးဌာနအနေနဲ့ ကော်မတီကို အလေးမထားတာလား။ လွှတ်တော်ကို အလေးမထားတာလားဆိုတာကို စဉ်းစားစရာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ကြယ်ပွင့်ပြပဲဖြစ်ဖြစ်၊ ကြယ်ပွင့်မပြပဲဖြစ်ဖြစ် ပေးပြီးသား ကတိတွေအပေါ်မှာ ပြည်သူတွေရဲ့လိုအပ်ချက်တွေ အမှန်အကန်တွေကို ပြည်သူ့ကိုယ်စားလှယ် တွေကနေ လွှတ်တော်ထဲမှာ လာရောက်တင်ပြတောင်းဆိုရတာဖြစ်တဲ့အတွက် ကတိကဝတ်ကော်မတီ အနေနဲ့၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းအနေနဲ့ ညီညွတ်စွာဆောင်ရွက်သော်လည်းပဲ သက်ဆိုင်ရာဝန်ကြီး ဌာနတွေနဲ့ ပူးပေါင်းမှုအားနည်းနေတယ်လို့ ကျွန်တော်တို့တွေ့ရပါတယ်။ ဒါကြောင့်လည်း ကော်မတီ အနေနဲ့ကတော့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၈ အရ လိုအပ်တဲ့နေရာတွေမှာ ကွင်းဆင်းဖို့ လိုအပ်ရင် ကွင်းဆင်းတာတွေတွေ့တဲ့အတွက် မင်းဘူးမဲဆန္ဒနယ်ကိုလည်း လိုအပ်တယ်လို့ သဘောထားပြီးတော့ ကျွန်တော့်မဲဆန္ဒနယ်ရဲ့ကတိဖြစ်တဲ့လုပ်ငန်းတွေကိုလည်း ကွင်းဆင်းကြည့်ရှုပေး ဖို့ အကြံပြုလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီကနေ့ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အကြံပြု ချက် နည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဂ)အရ ကိုယ်စားလှယ်တွေရဲ့အကြံပြုချက်ကိုလည်း ကော်မတီက နေ အလေးထားဆောင်ရွက်ပေးပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက တင်သွင်းသော အစီရင်ခံစာပါ ရေဦး-ညောင်လှလမ်း စိစစ်လေ့လာခြင်းကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရေဦး-ညောင်လှလမ်းမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်နှင့် ဒီပဲယင်းမြို့နယ် ဆက်သွယ်ထားသောလမ်းဖြစ်ပါတယ်။ တင်ဒါအောင်ကုမ္ပဏီမှ စိတ်စေတနာနည်းပါးခြင်း၊ တာဝန်ကျဝန်ထမ်းများကြီးကြပ်ရာတွင် အားနည်းခဲ့ခြင်းတို့ကြောင့် ဆိုးဆိုးရွားရွားပျက်စီးခဲ့သောလမ်းပိုင်းဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခဲ့သောလမ်းပိုင်းဖြစ်ပါတယ်။ ငွေကျပ် ၄၈၇.၉၀ ကျပ်သန်းဖြင့် ဆောင်ရွက်ခဲ့သော်လည်း စာချုပ်ပါအာမခံသက်တမ်းအတွင်းမှာပင် ကျင်း၊ ချိုင့်များဖြင့် ပျက်စီးနေသောကြောင့် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်တွင် မေးခွန်းမေးမြန်းခဲ့ရခြင်းဖြစ်ပါတယ်။ ခရိုင်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးကြပ်ကာ ကုမ္ပဏီမှ တာဝန်ယူပြန်လည်ပြုပြင်ပေးပါမည်ဟု ဖြေကြားခဲ့သော်လည်း စာချုပ်ပါအာမခံသက်တမ်းကုန်ဆုံးသည်အထိ ထိရောက်စွာပြုပြင်ဆောင်ရွက်ခြင်းမရှိခဲ့ပါ။ အကြောင်းပြချက်အမျိုးမျိုးဖြင့် ဟန်ပြအဖြစ်သာ ဆောင်ရွက်ခဲ့ပါတယ်။ သို့ဖြစ်ပါသောကြောင့် မြေပြင်အခြေအနေအား ကွင်းဆင်းစစ်ဆေးကြည့်ရှုရန် အာမခံ/ကတိကော်မတီသို့ ဆက်လက်အစီရင်ခံတင်ပြခဲ့ရပါတယ်။

၃-၃-၂၀၁၈ ရက်နေ့မှာ ခင်ဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရေဦးမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးကိုယ်စားလှယ်၊ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ အာမခံ/ကတိကော်မတီမှ အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြပါတယ်။ လတ်တလောပြုပြင်ထားသောလမ်းပိုင်းအခြေအနေ၊ အသုံးပြုရန် ကျန်ရှိနေသောကတ္တရာပုံးများ၊ လမ်းခင်းကျောက်များနှင့် အာမခံငွေတချို့ကို လက်ကျန်အဖြစ် စိစစ်တွေ့ရှိရပြီး ကျင်း၊ ချိုင့်များဖြင့် သွားလာရန်ခက်ခဲနေကြောင်း လမ်းပိုင်းမှာ စိစစ်တွေ့ရှိခဲ့ရပါတယ်။ ပျက်စီးနေသောလမ်းပိုင်းကို ၃၀-၃-၂၀၁၈ ရက်နေ့မှာ နောက်ဆုံးထား ကုမ္ပဏီမှပြုပြင်ရန်နှင့် အကြောင်းပြန်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းမရှိပါက တင်ဒါအောင်ကုမ္ပဏီအား တရားစွဲဆိုအရေးယူခြင်းကို ဝန်ကြီးဌာနက ဆောင်ရွက်ရန် အာမခံ/ကတိကော်မတီမှ စစ်ဆေးမှာကြားခဲ့ပါတယ်။ လတ်တလော ပြည်သူများ သွားလာအဆင်ပြေစေရေးအတွက် ရေဦး-ညောင်လှလမ်းမှာ ကတ္တရာလမ်းပိုင်းပျက်စီးနေသောနေရာများအား ဂျင်းကျောက် မြေများဖြင့် အစားထိုးပြုပြင်ခဲ့ရပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒါက ပျက်စီးနေသော ရေဦး-ညောင်လှလမ်းဖြစ်ပါတယ်။ ဒါ လုပ်ငန်းပြီးစီးမှုအခြေအနေမှာ ဝန်ကြီးဌာနကို အပ်ထားပြီးဖြစ်ပါတယ်။ ဒါက ကုမ္ပဏီကဆောင်ရွက်ပြီးတော့ ဝန်ကြီးဌာနကို ပြန်လည်အပ်ထားသောလမ်းပိုင်းအခြေအနေဖြစ်ပါတယ်။ ဒါက အာမခံ/ကတိကော်မတီနှင့် ကွင်းဆင်းစစ်ဆေးကြည့်ရှုမှုအခြေအနေ ဖြစ်ပါတယ်။ ဒါက အာမခံ/ကတိကော်မတီ ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးတဲ့

နောက်ပိုင်းမှာ ဒီကတ္တရာလမ်းကို ဂျင်းကျောက်မြေနဲ့ အစားထိုးပြုပြင်ထားပြီးတဲ့လမ်းပိုင်း အခြေအနေ ဖြစ်ပါတယ်။ ဒါက အစားထိုးပြုပြင်ပြီးတော့ လမ်းပိုင်းအခြေအနေက အကောင်းကြီးမဟုတ်သော်လည်း ပြည်သူများသွားလာရန် သင့်တင့်တဲ့အခြေအနေတော့ ရောက်ရှိသွားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်လည်ပြုပြင်ပေးခြင်းမှာ တာဝန်ယူ၊ တာဝန်ခံခြင်းမဟုတ်ဘဲ လုပ်ငန်းစတင်ဆောင်ရွက်ကတည်းက သတ်မှတ်ထားသော စံချိန်စံညွှန်းများကိုက်ညီစေရန်၊ သက်ဆိုင်ရာဝန်ထမ်းများက တာဝန်ယူဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တင်ဒါစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိသော ကုမ္ပဏီများနှင့် အရည်အသွေး ပြည့်မီခြင်းမရှိသော ဆောင်ရွက်ပြီးလုပ်ငန်းများအား အာမခံ/ကတိကော်မတီက တာဝန်ယူကွင်းဆင်း စစ်ဆေးစိစစ်သင့်ပါကြောင်းနှင့် တွေ့ရှိချက်များကို အမြန်ဆုံး စိစစ်ကြပ်မတ်အရေးယူသင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းကို ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းဖြစ်ပြီး ကျွန်တော် ဆွေးနွေးမှာကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာကို ထောက်ခံတယ်လို့ ပြောကြားလိုပါတယ်။ ဥပဒေနှင့်မညီတဲ့ မြို့ဝင်ကြေးကောက်ခံနေမှုနှင့်စပ်လျဉ်းတဲ့ ကိစ္စကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယင်းကဲ့သို့မြို့ဝင်ကြေးကောက်ခံနေမှုနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများမှာ ပြည်သူ့လွှတ်တော် ပြည်သူ့ကိုယ်စားလှယ်များမှ မေးမြန်းခဲ့ကြပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှာ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မေးမြန်းရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့လမ်းမကြီးပေါ်တွင် လမ်းအသုံးပြုမှုအတွက် စည်ပင်သာယာရေးအဖွဲ့များက မြို့ဝင်ကြေးကောက်ခံခွင့်ရှိ/မရှိ၊ ဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ မေးမြန်းခဲ့သလို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာလည်းပဲ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မေးမြန်းရာမှာ မြို့ဝင်ကြေးကို ၂၀၁၇ ခုနှစ် ဧပြီလမှစပြီး ကယားပြည်နယ်တွင်လည်းကောင်း၊ ဇူလိုင်လမှစပြီး ကချင်ပြည်နယ်တွင်လည်းကောင်း ရုပ်သိမ်းပြီးဖြစ်ရာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင် ၂၀၁၈ ခုနှစ် ဧပြီလဆိုလျှင် မထားရှိတော့ကြောင်း၊ ယာဉ်အသုံးပြုသူပြည်သူများ စိတ်အနှောက်အယှက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်အတွက် တပြေးညီဖျက်သိမ်းပြီး ပိုမိုသင့်လျော်ကောင်းမွန်သော နည်းလမ်းများဖြင့် စီမံဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာလည်းပဲ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကလည်း ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ ကြီးကြပ်ရေးကော်မတီမှ မြို့ဝင်/မြို့ထွက်များတွင် ငွေကောက်ခံရေးစခန်းများဖွင့်လှစ်၍ ကောက်ခံနေခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ်ရှိ/မရှိ ဆိုပြီး မေးမြန်းခဲ့ကြပါတယ်။ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးမြန်းချက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားရာမှာ စည်ပင်သာယာရေးအဖွဲ့များ

ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)၊ (ဃ)တို့အရ မြို့တွင်းသို့ဝင်ရောက်ရပ်နားခြင်းမရှိလျှင် ဥပဒေနှင့်မညီဟု စိစစ်တွေ့ရှိရကြောင်း မြို့ဝင်ကြေးကောက်ခံနေမှုနှင့်ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လေလံချထားပေးပြီးဖြစ်သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစပြီးတော့ မြို့ဝင်ကြေးကောက်ခံနေခြင်းအား ဆောက်လုပ်ရေးဝန်ကြီး ဌာနက ခွင့်ပြုတော့မည်မဟုတ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ဒီနေရာမှာ ဒုတိယဝန်ကြီးဖြေကြားချက် အပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေနှင့်မညီဟု ဝန်ကြီးကဖြေကြားတဲ့အတွက် ဥပဒေနှင့် မညီသည်ကို နှစ်ကုန်သည်အထိ ဘာ့ကြောင့်ဆက်လက်ကောက်ခံနေမလဲ။ ဥပဒေနှင့်မညီကြောင်း သိနေရင် ဥပဒေအတိုင်းပဲဖြစ်ရမယ်။ မည်သည့်ဌာနအဖွဲ့အစည်းကလုပ်သည်ဖြစ်စေ၊ ၎င်းကိုဆက်ထား ဦးမယ်ဆိုသည်က တိုင်းဒေသကြီးအစိုးရ၊ တိုင်းစည်ပင်နှင့် ဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင် ရန်လိုအပ်ကြောင်းဆိုပြီးတော့မှ သုံးသပ်မှာကြားတာကို သတိပြုမှတ်သားခဲ့ရပါတယ်။ လေးမျက်နှာ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးမြန်းချက်ကို နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဖြေကြားရာမှာ ကျန်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့ဝင်ဘီးကောက်လိုင်စင်များကို ဖျက်သိမ်းပေးရန် အစီအစဉ်မရှိသေးကြောင်း ဖြေကြားချက်အပေါ် ဆက်စပ်မေးခွန်း ဆက်လက် မေးမြန်းရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြည်သူများက လမ်းကြေး၊ တံတားကြေး ပေးဆောင်လိုကြကြောင်း၊ မြို့ဝင်ကြေးနှင့်ပတ်သက်ပြီးတော့ တော်တော်အခက်အခဲနှင့် ဝန်ထုပ်ဝန်ပိုး ဖြစ်နေကြကြောင်း၊ ပိုမိုပြီးအဆင်ပြေမယ့်နည်းလမ်းများဖြင့် ပြည်သူများ အခက်အခဲမရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ဥပဒေနှင့်မညီသည့်ဂိတ်များကို လာမယ့်ဘဏ္ဍာနှစ်မှစပြီး တိတိကျကျ ဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိ ဆက်လက်မေးမြန်းရာမှာ ယင်းမေးခွန်းအပေါ် ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီးနှင့် ပြည်နယ်များက ပယ်ဖျက်ပေးရန် အစီအစဉ်မရှိပါဘူး ဆိုရင်လည်း ဘာ့ကြောင့်မရှိလဲ။ သူများတိုင်းဒေသကြီး/ပြည်နယ်တွေက လျှော့နိုင်တယ်။ ကိုယ့်တိုင်းဒေသကြီး/ ပြည်နယ်က မပယ်ဖျက်နိုင်ဘူး။ ဘာ့ကြောင့်မပယ်ဖျက်နိုင်တာလဲ။ ပယ်ဖျက်ပေးတဲ့တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ ဘာ့ကြောင့်ပယ်ဖျက်ပေးနိုင်တာလဲ။ ပြည့်ပြည့်စုံစုံဖြေကြားစေချင်ပါတယ်လို့ သုံးသပ်မှာကြားတာကိုလည်း သတိပြုမှတ်သားခဲ့ရပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရဲ့မေးမြန်းချက်ကို နေပြည်တော်ကောင်စီအဖွဲ့ဝင် တစ်ဦးမှ ဖြေကြားရာမှာလည်းပဲ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ယခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ကောက်ခံခြင်းမပြုတော့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းလည်း ယာဉ်ရပ်နားစခန်းများသာ ကောက်ခံတော့မည်ဖြစ်ကြောင်း ဖြေကြားသွားပေမဲ့လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့မှာတော့ ယခု အချိန်ထိကောက်ခံနေဆဲ ပဲဖြစ်ပါတယ်။ မပြောတော့ဘူးလို့နေသော်လည်းပဲ အချိန်ရလို့ ပြောချင်ပါတယ်။ ကျွန်တော် ကတိကဝတ်တစ်ခုရထားတာရှိပါတယ်။ စစ်ကိုင်းမြို့ သပြေပင်ကျေးရွာ သုသာန်နှင့်ပတ်သက်လို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ကတိကဝတ်ရထားပါတယ်။ အဲဒီဟာက အခုချိန်ထိမရသေးတဲ့ အတွက် ကျွန်တော့်ရွာဟာ လူတွေသေဆုံးလို့ရှိရင် အင်မတန်မှ သင်္ဂြိုဟ်စရာအခက်အခဲဖြစ်နေပါ တယ်။ အဲဒီတော့ ဆက်လက်ပြီး နိဂုံးချုပ်အနေနဲ့အကြံပြုတင်ပြလိုတာကတော့ ဥပဒေနှင့်မညီသော မြို့ဝင်ဂိတ်ကြေး ကောက်ခံနေမှုနှင့် ပတ်သက်ပြီး ပြည်သူ့ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခဲ့

ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ဥပဒေနှင့်မညီပါဘူးလို့ဖြေခဲ့သလို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကလည်း ဥပဒေနှင့်မညီသည်ကို နှစ်ကုန်သည်ထိ ဆက်လက်ကောက်ခံနေသည့်အတွက် ဥပဒေ အတိုင်းပဲဖြစ်ရမယ်လို့ သုံးသပ်မှာကြားခဲ့ပါတယ်။ သို့ပါ၍ ဤကိစ္စအား ကတိကဝတ်ရသည်ဟု သုံးသပ်ယူဆမိပါကြောင်းနှင့် ဥပဒေနှင့်အညီဖြစ်စေရန် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ သက်ဆိုင်ရာဝန်ကြီးဌာနအား အကောင်အထည် ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းသင့်ပါကြောင်း လေးစားစွာအကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီက ပြန်လည်ရှင်းလင်းရန်ရှိပါက ရှင်းလင်းနိုင်ရန် ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးနိုင်(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဝင် ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်ဖြစ်ပါတယ်။ ကော်မတီ၏ တာဝန်ပေးချက်အရ ကော်မတီ၏အစီရင်ခံစာ (၂/၂၀၁၈)ကို ဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်များရဲ့ဆွေးနွေးချက်ကို လွှတ်တော်သို့ ပြန်လည်ဆွေးနွေးသွားမှာဖြစ် ပါတယ်။ ယခုလို ကော်မတီရဲ့အစီရင်ခံစာနှင့်ပတ်သက်၍ စိတ်ပါဝင်စားစွာ အချက်အလက်စုံလင်စွာ နဲ့ ထောက်ခံဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ် လေးဦးအား ကော်မတီကိုယ်စား ကျေးဇူးတင် ပါကြောင်း ဦးစွာပြောလိုပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်းဆွေးနွေးရန်အတွက် Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ တောင်းခံ အပ်ပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့တာဝန်ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၁၁) ပုဒ်မ ၉၆ တွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့တဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိစိစစ်ပြီး အောက်ပါအချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရ မည်လို့ဖြစ်ပါတယ်။ (က) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဖွဲ့အစည်းများက ပေးခဲ့တဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ ဆောင်ရွက် ပြီးစီးကြောင်း၊ (ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရ အဖွဲ့အပါအဝင် ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ဆောင်ရွက်ပြီးလျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်းရှိ/မရှိတို့ဖြစ်ပါတယ်။ ပုဒ်မ ၉၈ အရ ကော်မတီဟာ လွှတ်တော်မှာ ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဖွဲ့အစည်း များက အခါအားလျော်စွာပေးခဲ့တဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ထိရောက် မှန်ကန်စွာ ဆောင်ရွက်ထားခြင်းရှိ/မရှိ စစ်ဆေးနိုင်ရန်အတွက် လိုအပ်တဲ့နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်ပါတယ်။ အဲဒါကြောင့်မို့လို့လည်း ဒီနေ့ဆွေးနွေးသွားတဲ့ ရေဦးမဲဆန္ဒနယ်က

ဒေါက်တာဦးမင်းသိန်းရဲ့ ရေဦး-ညောင်လှလမ်းကို ကျွန်တော်တို့ သွားရောက်စစ်ဆေးခဲ့လို့ အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာကုမ္ပဏီကို ထိရောက်စွာ သတိပေးဖို့ဆိုပြီး ပြောလို့လည်း ရေဦး-ညောင်လှလမ်းအား ကတ္တရာလမ်းကဲ့သို့မဖြစ်သော်လည်း ဂျင်းကျောက် လမ်းကဲ့သို့တော့ ကြိုးစားပြီးတော့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့မှာ လွှတ်တော်သို့ တင်သွင်းခဲ့တဲ့ ကော်မတီရဲ့အစီရင်ခံစာမှာ (၁/၂၀၁၈)ရဲ့အကြံပြုချက်မှာ ကော်မတီမှ ကတိအဖြစ် သတ်မှတ်ပေးရန်အတွက် ဝန်ကြီးဌာနများအနေဖြင့် မေးခွန်းများကို ဖြေဆိုရာတွင် လုပ်ငန်းဆောင်ရွက်ပေးမည့် ဘဏ္ဍာနှစ် ဘတ်ဂျက်နှစ်ကို တိုက်ရိုက်တိကျစွာဖြေကြားရန် ကျွန်တော်တို့ အကြံပြုခဲ့ပါတယ်။ နောက်တစ်ချက်မှာ ပုံမှန်အစည်းအဝေးများတွင် ဝန်ကြီးဌာနအလိုက် ကတိဖြစ် ခဲ့သော ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်း၊ အတည်ပြုအဆိုများနှင့်ပတ်သက်၍ ကတိဖြစ်ခဲ့တဲ့ အတိုင်း သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ထည့်သွင်းပြီးစီးအောင် ဆောင်ရွက်ပေးရန်ဆိုပြီး ကျွန်တော်တို့ အကြံပြုထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြ မေးခွန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံကိန်းရေးဆွဲရာတွင် ဘတ်ဂျက်၌ဦးစားပေး ထည့်သွင်းရေးဆွဲပေးရန်လို့ ကျွန်တော်တို့ (၁/၂၀၁၈)မှာ အကြံပြုခဲ့ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ဆွေးနွေးသွားတဲ့ ကောလင်းမဲဆန္ဒနယ်က ဦးမျိုးဇော်အောင်က ကျွန်တော်တို့ အစီရင်ခံစာမှာပါတဲ့ အချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီမှာ ဝန်ကြီးဌာနကိုလည်း ဒီအတိုင်းသတ်မှတ်ပေးနိုင် အောင်ဆိုတဲ့အတိုင်း အစီရင်ခံထားပြီးဖြစ်ပါတယ်ခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်သို့တင်သွင်းခဲ့တဲ့ အစီရင်ခံစာ (၂/၂၀၁၈)မှသုံးသပ်ချက်နှင့် အကြံပြုချက်မှာ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနသို့ ဝန်ထမ်းဖွဲ့စည်းပုံတောင်းခံသည့်အခါတိုင်းတွင် အဆင့်ဆင့်သော လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေရသဖြင့် ဆေးရုံ၊ ဆေးခန်းများ တည်ဆောက်ပြီးစီးပြီး အချိန်ကာလအတော်အတန်ကြာမှ ဝန်ထမ်းဖွဲ့စည်းချပေးနိုင်တဲ့အတွက် ကတိအတိုင်း မဆောင်ရွက် နိုင်သလိုဖြစ်နေသည်ကို သုံးသပ်တွေ့ရပါတယ်။ ဒါကလည်း အခု ကျွန်တော်တို့ ဦးဝင်းဝင်း ဆွေးနွေး ထားတဲ့အတိုင်း ကျွန်တော်တို့ ဒီမှာပြန်လည်သုံးသပ်သင့်ပါကြောင်း အကြံပြုထားပါတယ်။

ဝန်ကြီးများက လွှတ်တော်မှာ ဘဏ္ဍာနှစ်အလိုက် တင်ပြတောင်းခံပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်မည်ဟုဖြေကြားပါက လွှတ်တော်ကိုယ်စားလှယ်များ ကတိဖြစ်သည်ကို လွဲမှားစွာ မှတ်နေကြောင်းသိရပါတယ်။ ဒါကိုလည်း အခု ဖြေရှင်းပြီး ဖြစ်ပါတယ်။ နောက် ဝန်ကြီးဌာန လွှတ်တော် မေးခွန်းဖြေရာမှာ ကတိအဖြစ်သတ်မှတ်လုပ်ဆောင်ပေးမည့် လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်မည့် ဘဏ္ဍာနှစ်၊ ဘတ်ဂျက်နှစ်အလိုက် တိကျသတ်မှတ်၍ ဖြေကြားရန်ဆိုပြီး ထပ်မံအကြံပြုခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ဆွေးနွေးကြတဲ့ ဦးခင်မောင်သိန်း ဆွေးနွေးချက်ကို ကျွန်တော်တို့ ကော်မတီ ကနေပြီးတော့ ခေါ်ယူပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးသွားမယ် ဆိုတဲ့အကြောင်း လေးစားစွာပြန်ကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မှုကြမ်း**

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဦးဇုံးတိန့်(အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအမှူးပြု၍ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအတွင်းရေးမှူး၊ ကချင်ပြည်နယ်၊ ချီဖွေ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန် အစည်းအဝေးအထိ အတည်ပြုခဲ့တဲ့အဆိုများ၊ ကတိဖြစ်ခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြ မေးခွန်းများကိုစိစစ်၍ သုံးသပ်ချက်၊ အကြံပြုချက်များပါရှိတဲ့ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ(၂/၂၀၁၈)ကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်တွင် အစီရင်ခံစာတင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ အစီရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာခဲ့ရာ ဦးမျိုးဇော်(ကောလင်းမဲဆန္ဒနယ်)၊ ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)၊ ဒေါက်တာ မင်းသိန်း(ရေဦးမဲဆန္ဒနယ်)နှင့် ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)တို့ လေးဦးမှ အမည်စာရင်း တင်သွင်းခဲ့ပြီး ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်တွင် ယခုလိုအကြံပြုဆွေးနွေးပေးတဲ့ လွှတ်တော် ကိုယ်စားလှယ်များကို အထူးကျေးဇူးတင်ရှိပါတယ်။ ဆွေးနွေးအကြံပြုချက်များကို ကော်မတီအဖွဲ့ဝင် ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)မှ ပြန်လည်ဆွေးနွေးပြီးဖြစ်၍ ကော်မတီမှ မှတ်တမ်းထားရှိပြီး လိုအပ်ပါက ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးသုံးသပ်ချက်၊ ဆုံးဖြတ်ချက်များဖြင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဃ)နှင့်အညီ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာအမှတ်စဉ်(၂/၂၀၁၈)ကို ပြည်သူ့လွှတ်တော်မှ သဘောတူလက်ခံအတည်ပြုပေးပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ သြဂုတ်လ ၂၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၂း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ (၂၃.၈.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Daw Khin Than Nu U Kyaw Linn




U Kyaw Linn U Nay Htet win




U Thein Tun U Kyaw Linn




U Kyaw Linn Daw Ni Shwe Lyan




U Kyaw Linn U Zaw Min Thein




U Kyaw Linn U Wai Hlaing Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်